ကြေးမုံ

The Mirror

၁၃၇၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ (16-2-2011) (၆၇၇)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ

နိုင်ငံတော်ကာကွယ်ရေးကော်မရှင်ဥက္ကဋ္ဌထံ သဝဏ်လွှာပေးပို့

နေပြည်တော်　　ဖေဖော်ဝါရီ　　၁၆

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်တွင် ကျရောက်သော ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော် ကာကွယ်ရေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာကင်ဂျုံအီး၏ မွေးနေ့အခါသမယ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကာကွယ်ရေးကော်မရှင် ဥက္ကဋ္ဌ မစ္စတာကင်ဂျုံအီးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပစဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကို လည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည် ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်း အားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မား ရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ် များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်ဦးရေသတ်မှတ်ရေးအတွက် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူ

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးဦးရေသတ်မှတ်နိုင်ရေး ပြည်ထောင်စုလွှတ်တော်သို့တင်ပြ

နေပြည်တော်　　ဖေဖော်ဝါရီ　　၁၅

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

စတင်ကျင်းပ

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ရောက်ရှိနေရာယူသည်။ ၎င်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က ယနေ့ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသည့် ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်(၆၅၉) ဦးရှိသည့် အနက် (၆၅၆)ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၅၄ ရာခိုင်နှုန်း တက်ရောက်သဖြင့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အထ မြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့☆

နိုင်ငံနှင့် ပြည်သူလူထု ကောင်းစားရေးအတွက် ရင်ထဲမှဆန္ဒဖြင့် လှိုက်လှိုက်လှဲလှဲ တောင်းဆိုနေမှုများကို အတ္တစွဲ၊ အဆိုးမြင်အယူဝါဒစွဲ ကြီးမားစွာဖြင့် မျက်ကွယ်ပြုကာ "ပိတ်ဆို့မှုများ ရုပ်သိမ်းပေးဖို့ မလို၊ ဆက်လက်၍ ပိတ်ဆို့ထားပေးပါ"ဟု သခင်အားရကျွန်ပါး၀ တောင်းဆိုမှုများကို ဆက်လက်ခေါင်းမာစွာ စွဲကိုင်ထားသူလူတစ်စုမှာကား ပြည်သူလူထုနှင့် ကြာလေဝေးလေဖြစ်ကာ သမိုင်း၏ဒဏ်ခတ်ခြင်းကို မလွဲကေန် ခံရဖွယ်ရှိနေပေတော့ရာ အချိန်မနှောင်းမီ စိတ်ကောင်းနှင့်ယှဉ်၍ မိမိတို့၏ အမြင်မှား၊ လမ်းစဉ်အမှားများကို ပြုပြင်လျက် နိုင်ငံတော်သစ် တည်ဆောက်ရေး၌ တစ်တပ်တစ်အား လက်တွဲပါဝင်လာကြစေလိုကြောင်း စေတနာကောင်းဖြင့် သတိပေးဖိတ်ခေါ်။

ရန်ကြီးအောင်၏ "ပိတ်ဆို့မှု ရှင်းတမ်း"(ဆောင်းပါး) စာမျက်နှာ ၈၊ ၉

၁၆-၂-၂၀၁၁
(ဗုဒ္ဓဟူးနေ့)

လမ်း၊ တံတားသစ်များ အဆင့်မြှင့် တိုးတက်ပေါ်ထွက်

နိုင်ငံတစ်ဝန်း လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေး ဦးစားပေးဆောင်ရွက်လျက်ရှိသည်။ ဝေးလံခေါင်ဖျား နယ်စပ်ဒေသများ အပါအဝင် ပြည်ထောင်စုတစ်ဝန်း လမ်းကွန်ရက်များ ဖောက်လုပ်ထားရာ နိုင်ငံ၏ မြောက်ဖျားမှသည် တောင်ဘက်ဖျားအရပ်များသို့ အလွယ်တကူသွားလာနိုင်ကြပြီ။ အရှေ့ဖျားမှသည် အနောက်ဖျားဒေသများအထိ ခရီးပေါက်သွားရောက်နိုင်ကြပြီဖြစ်သည်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက လမ်းသစ်များ တိုးချဲ့ဖောက်လုပ်အဆင့်မြှင့်တင်နေသည်။ အချို့လမ်းသားများ ပျက်စီး၍ တစ်ဆက်တစ်စပ်တည်းသွားလာရန် ခက်ခဲနေသည့် ကျောက်ခင်းလမ်းများကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဖွင့်လှစ်ပေးလျက်ရှိသည်။ အချို့လမ်းပိုင်းများကို လေးလမ်းသွားကတ္တရာလမ်းများအဖြစ် ဖောက်လုပ်ထားရာ ယာဉ်သွားလာမှု ပိုမိုလွယ်ကူလာနေပြီဖြစ်သည်။

ပုသိမ်-မုံရွာကတ္တရာလမ်းမကြီးသည် မြန်မာနိုင်ငံတွင် ဖွင့်လှစ်ခဲ့သည့် လမ်းများအနက် အရှည်ဆုံးဖြစ်သည်။ စစ်ကိုင်း၊ မကွေး၊ ပဲခူး၊ ဧရာဝတီ တိုင်းဒေသကြီးလေးခုကို ရေကြော၊ မြေကြောတစ်ဆက်တစ်စပ်တည်းဖြစ်စေရန် ဖောက်လုပ်ထားသည်။ လမ်းသစ်များနှင့်အတူ မြစ်ကူး၊ ချောင်းကူး တံတားသစ်များစွာကိုလည်း တိုးချဲ့တည်ဆောက်ပေးနေဆဲဖြစ်သည်။ မြစ်ချောင်းအင်းအိုင် ကုန်းမြင့်တောင်တန်း သဘာဝမြေပြင် အတားအဆီးများကို ကျော်ဖြတ်၍ တိုင်းရင်းသားချင်း အနေလည်းနီး ခရီးလည်းသာ သွားလာဆက်သွယ်နိုင်မည့် အကျိုးရလဒ်များ ရရှိနေကြပြီ။

ဆောက်လုပ်ရေးဝန်ကြီးဌာနက တည်ဆောက်ပြီးစီးခဲ့သည့် စလင်းမြို့နယ် ပုသိမ်-မုံရွာလမ်းပေါ်ရှိ သရူးချောင်းတံတားကို ဖေဖော်ဝါရီ ၁၃ ရက်က ဖွင့်လှစ်လိုက်သည်။ ပေ ၂၆၀ရှည် ဘေလီသံပေါင်တံတားအမျိုးအစားဖြစ်သည်။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တည်ဆောက်ပေးခဲ့သည့် ပေ ၁၈၀နှင့်အထက် တံတားများအနက် ၂၅၆ စင်းမြောက် တံတားဖြစ်သည်။

သရူးချောင်းတံတားသည် မကွေးတိုင်းဒေသကြီးအတွင်း ၂၂ စင်းမြောက် တည်ဆောက်ဖွင့်လှစ်နိုင်သည့် တံတားဖြစ်သည်။ ပုသိမ်-မုံရွာလမ်းမကြီးနှင့် အခြား တံတားများကို ဖြတ်သန်းပြီး ဧရာဝတီမြစ်အနောက်ဘက်ခြမ်း၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီမြစ်အရှေ့ဘက်ခြမ်းရှိ ဒေသများသို့ ခရီးမိုင်အတိုဆုံးသွားလာနိုင်ကြပြီ။ ရာသီမရွေး ကူးသန်း ဆက်သွယ်နိုင်လျက်ရှိရာ စီးပွားရေး၊ လူမှုရေးများ သိသာစွာမြင့်မားလာပေတော့မည်။

နိုင်ငံတစ်ဝန်း လမ်း၊ တံတားသစ်များ တိုးတက်ဖွင့်လှစ်နိုင်ခြင်းကြောင့် ဒေသထွက်ကုန်များ အလွယ်တကူ သယ်ယူပို့ဆောင်ရောင်းဝယ်နိုင်ကြပြီ။ လမ်းပန်းဆက်သွယ်မှု အခြေခံကွန်ရက်များ တိုးချဲ့ဆောင်ရွက်နိုင်မှုနှင့်အတူ ဒေသဖွံ့ဖြိုးမှုနှင့် လူမှုစီးပွားမြင့်မားမှုများ ပိုမိုဖွံ့ဖြိုးတိုးတက်ဝေစည်လာမည်ဖြစ်ပါသည်။ ။

ဖေဖော်ဝါရီ ၁၀ ရက်က အလှူရှင် ဦးကြည်ဝင်း-ဒေါ်အေးအေးလှိုင် (ဆန္ဒမွန်ဆေးတိုက်)တို့၏သား ဒုတိယတန်း(ခ)မှ မောင်လင်းပြည့်၏ (၈) နှစ်ပြည့် မွေးနေ့အလှူအဖြစ် အမက (၉)မရမ်းကုန်းမှ ကျောင်းသား၊ ကျောင်းသူ ၆၅၀ အား စာရေးကိရိယာများ လှူဒါန်းခြင်းနှင့် အာဟာရအိုဗာတင်းနှင့် ကိတ်မုန့် တိုက်ကျွေးစဉ်။ (ပညာရေး)

ကုမ္ပဏီဝန်ထမ်းနှင့် ယာဉ်မောင်းများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၊ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ အမှတ်(၃) ယာဉ်ထိန်းနယ်မြေမှူး ဒုတိယရဲမှူး မြင့်အောင်နှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၁၀နာရီတွင် လှိုင်မြို့နယ် Myanmar Info-Tech ခန်းမ၌ IBTC Co.,Ltd.မှ ကုမ္ပဏီဝန်ထမ်းနှင့် ယာဉ်မောင်း ၆၆ ဦးအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေးဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်ထောင်စုနေ့အခမ်းအနားနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်သည် ဖေဖော်ဝါရီ ၁၂ ရက်တွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်၌ ကျင်းပသော (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှပေးပို့သော (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို ဖတ်ကြားသည်။

တိုင်းမှူးသည် ဖေဖော်ဝါရီ ၁၁ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသော နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ချီးမြှင့်ငွေများနှင့် ဂုဏ်ထူးရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြတ်ဆရာပူဇော်ပွဲ

ရန်ကုန်တက္ကသိုလ် ရုက္ခဗေဒဘာသာရပ် ဘွဲ့ရ ကျောင်းသား၊ ကျောင်းသူများ၏ တတိယအကြိမ် မြတ်ဆရာပူဇော်ပွဲ အခမ်းအနား ကျင်းပစဉ်။

(သတင်းစဉ်)

SUNTAC TECHNOLOGIES Co., Ltd. မှ ရေအားလျှပ်စစ် လုပ်ငန်းသုံးပစ္စည်းများ ပြသရောင်းချလျက်ရှိစဉ်။ (သတင်းစဉ်)

SUNTAC TECHNOLOGIES Co., Ltd. မှ ရေအားလျှပ်စစ်လုပ်ငန်းသုံးပစ္စည်းများ ပါဝင်ပြသ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

SUNTAC TECHNOLOGIES Co., Ltd.မှ ရေအားလျှပ်စစ်လုပ်ငန်းသုံးပစ္စည်းများဖြစ်သော ၂၀၁၀ခုနှစ်ထုတ် Nivo 2C၊ Nivo 5C၊ Nivo 5M Total Station များ၊ Magellan Handheld GPS များကို အထူးဈေးနှုန်းဖြင့် ရောင်းချပေးရုံသာမက နောက်ဆုံးပေါ် နည်းပညာအနေဖြင့် Up to 4 နာရီအထိ Slump Retention ရရှိနိုင်သော Super Slump Retention Admixture များ၊ Hydraulic Structures များအတွက် Water Leakage Control နှင့် Ground Improvement အတွက် Polyurethane Injection System ဖြင့် ပြုလုပ်နိုင်သော နည်းပညာများ၊ Control Blasting လုပ်ရန်ခက်ခဲသော နေရာများအတွက် Non- Explosive Demolition (Cracking Agent) များ ပြသရောင်းချလျက်ရှိသည်။

Glenium Sure TEC နည်းပညာသည် ကွန်ကရစ်ကို စတင်ဖျော်စပ်ချိန်မှ ၄ နာရီအထိ Slump (ပျော့အိမှု)ကို ထိန်းသိမ်းပေးနိုင်သော အစွမ်းသတ္တိရှိပြီး ကွန်ကရစ်ကို ရေကဲ့သို့ စီးဆင်းသွားနိုင်ခြင်း၊ အရည်အသွေးပိုမိုကောင်းမွန်သော ကွန်ကရစ်သားအဖြစ် ရရှိစေခြင်းနှင့် Intial Setting နှင့် Final Setting Time များကို မပြောင်းလဲစေဘဲ ရက်အနည်းငယ်အတွင်း လိုအပ်သည့် ကွန်ကရစ် Strength ကို ရရှိစေခြင်း အကျိုးကျေးဇူးများ ရရှိစေနိုင်သည်။

ထို့ပြင် Water Leakage Control နှင့် Ground Improvement လုပ်ငန်းများတွင် အသုံးပြုသည့် P.U Product သည် ကျောက်အက်ကွဲကြောင်းများအတွင်းသို့ အလွယ်တကူစိမ့်ဝင်နိုင်သော ဆီကဲ့သို့ ပစ္စည်းမျိုးဖြစ်ပြီး အလွန်သေးငယ်သော အပေါက်မှ ဖိအား 6000psi ရှိသော Injection Pump ဖြင့် မှုတ်သွင်းကာ Setting Time တွင် ၎င်း၏ မူလပမာဏထက် အဆ(၇)ဆမှ အဆ(၂၀) အထိ ဖောင်းပွ၍ အက်ကွဲကြောင်းများ၊ အပေါက်များ ပိတ်ဆို့သွားစေသည့် နည်းပညာသုံးပစ္စည်းဖြစ်ပြီး Hydraulic Structures များအတွက် ထိရောက်သော နည်းပညာတစ်ခုဖြစ်သည်။

ကုမ္ပဏီက မိုင်းခွဲရန်ခက်ခဲသော နေရာများ၊ စက်ယန္တရားတူးဖော်ရန် ခက်ခဲသောနေရာများ၊ တည်ဆောက်ဆဲနေရာများနှင့် အလွန်နီးကပ်သော နေရာများတွင် Reprofyling Treatment ပြုလုပ်ရန် လိုအပ်သော နေရာများ၌ Non-Explosive Demolition Agent (Cracking Agent) အဖြစ် ရေအားလျှပ်စစ်စီမံကိန်းများတွင် အသုံးပြုသည့် နည်းပညာများကို ပြသလျက်ရှိသည်။

SUNTAC TECHNOLOGIES Co., Ltd. သည် U.S.A နိုင်ငံလုပ် Magellan Hand Held GPSများ၊ ဓာတ်ခွဲခန်းသုံး Laboratory Equipment များ၊ ဂျပန်နိုင်ငံလုပ် Nikon Total Station များ၊ Theodolite များ၊ Auto Level များ၊ U.S.A နိုင်ငံလုပ် Special Steel သားဖြင့် ပြုလုပ်ထားသော Crawler Drill များ၊ Jumbo Drill များအတွက် Rockmore Drill Bit နှင့် ဆက်စပ်ပစ္စည်းများ၊ ဆွစ်ဇာလန်နိုင်ငံလုပ် Huggenberger Brand Dam Monitoring Instruments များကို တင်သွင်းရောင်းချပေးလျက်ရှိသော ကုမ္ပဏီဖြစ်သည်။

ထို့အပြင် ဂျာမနီနိုင်ငံမှ ထုတ်လုပ်သော BASF Construction Chemical များကိုလည်း မြန်မာနိုင်ငံသို့ တရားဝင်ကိုယ်စားလှယ်အဖြစ် ဖြန့်ချိရောင်းချပေးလျက်ရှိသည်။

ဆက်သွယ် မေးမြန်းလိုပါက SUNTAC TECHNOLOGIES Co., Ltd. နေပြည်တော် ဖုန်း-၀၆၇-၄၂၁၃၆၃၊ ၀၆၇-၄၂၀၈၉၁နှင့် ရန်ကုန်ရုံး ဖုန်း-၀၁-၆၅၂၂၄၅-၄၆၊ ၆၅၂၃၁၀၊ ၆၅၂၃၁၂ တို့သို့ ဆက်သွယ် မေးမြန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ရုက္ခဗေဒဘွဲ့ရ ကျောင်းသား၊ ကျောင်းသူများ မြတ်ဆရာပူဇော်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

တတိယအကြိမ် ရန်ကုန်တက္ကသိုလ် ရုက္ခဗေဒဘွဲ့ရ ကျောင်းသား၊ ကျောင်းသူများ၏ မြတ်ဆရာပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ အသက်(၇၀)နှင့်အထက် ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများအား တပည့်များက ကန်တော့ချီးဖြင့် ညီညာဖြဖြကန်တော့ကြပြီး ဂါရဝပစ္စည်းများ ပေးအပ်ကြကာ ကွယ်လွန်သွားကြသော ဆရာကြီး၊ ဆရာမကြီးများအား ရည်စူး၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် မြတ်ဆရာပူဇော်ပွဲ ကျင်းပရေး ကော်မတီဥက္ကဋ္ဌ ပါမောက္ခ/ဌာနမှူး ဒေါက်တာသက်သက်မေက မြတ်ဆရာပူဇော်ပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ နှုတ်ခွန်းဆက်ဂါရဝစကား ပြောကြားပြီး ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများကိုယ်စား ဆရာကြီး ဦးလော့ရင်စ်သော်က ဆုံးမဩဝါဒစကား ပြောကြားကာ ပါမောက္ခ ဦးအေးဖေက အသက်(၆၄)နှစ်အထက် ဓာတ်ခွဲခန်းဝန်ထမ်းများအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ကထိက ဒေါက်တာစိုးစိုးအောင်က ကျေးဇူးတင်စကား ပြောကြားပြီး ပူဇော်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

တာမွေမြို့နယ် အမှတ်(၃) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၁၀-၂၀၁၁ခုနှစ် ဘက်စုံပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပရာ ပထမတန်း ပထမဆုနှင့် ကျောင်းတက် ရက်မှန်ဆုရ မကုဋေသက်ပိုင်မှူးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်မာအေး ဆုချီးမြှင့်စဉ်။ (၀၈)

☆ရှေ့ဖုံးမှ

အစီအစဉ်အရ နိုင်ငံတော် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားသော ပြည်ထောင်စုရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းတာဝန်များ ဆောင်ရွက်နိုင်ရန် အလို့ငှာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကို ဥက္ကဋ္ဌ အပါအဝင်အဖွဲ့ဝင် (၇)ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်နိုင်ရန်နှင့် အဆိုပါ အဖွဲ့ဝင် (၇)ဦးအနက် လုပ်ငန်းတာဝန်များကို ထိရောက်စွာဆောင်ရွက်နိုင်ရန် ဥက္ကဋ္ဌ (၁)ဦး၊ အဖွဲ့ဝင် (၆) ဦးတို့ဖြင့် ဖွဲ့စည်းပြီး အတွင်းရေးမှူး (၁)ဦးအား သီးခြားတာဝန်ပေးရန် တင်ပြချက်နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးနိုင်ကြောင်း ကြေညာခဲ့သော်လည်း ကန့်ကွက်ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်မရှိသည့်အတွက် ပြည်ထောင်စုလွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

တင်ပြ

ဆက်လက်၍ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြသော ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးဦးရေ သတ်မှတ်နိုင်ရေး အတွက် တင်ပြချက်ကို ပြည်ထောင်စု လွှတ်တော် နာယက က ပြည်ထောင်စု လွှတ်တော်သို့ တင်ပြသည်။

နိုင်ငံတော် သမ္မတအဖြစ် ရွေးချယ် တင်မြှောက်ခံထားရသူက ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၉၉၊ ပုဒ်မခွဲ (ခ) နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၄ တို့နှင့်အညီ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးဦးရေကို (၇) ဦးဖြင့် သတ်မှတ်နိုင်ရန် ပြည်ထောင်စု လွှတ်တော်သို့ တင်ပြထားကြောင်းနှင့် ယင်းတင်ပြချက်နှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် ဆွေးနွေးရန်ရှိပါက ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက် ပြည်ထောင်စု လွှတ်တော်အစည်းအဝေး၌ ဆွေးနွေးနိုင်ကြောင်း၊ ဆွေးနွေးမည့် ကိုယ်စားလှယ်များသည် ယနေ့ညနေပိုင်းတွင် လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့ကြရန်ဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တော် နာယက က ကြေညာသည်။

ကြေညာ

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ဆဋ္ဌမနေ့ အစည်းအဝေးကို ရပ်နားကြောင်းနှင့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ဖေဖော်ဝါရီ ၁၆ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

အစည်းအဝေးကို နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် သမ္မတ အဖြစ် ရွေးချယ် တင်မြှောက် ခံထား ရသူက တင်ပြသော ပြည်ထောင်စု တရား လွှတ်တော်ချုပ် တရားသူကြီး ဦးရေ သတ် မှတ် နိုင်ရေး အတွက် တင်ပြချက်ကို ပြည်ထောင်စု လွှတ် တော် နာယက ဦးခင်အောင်မြင့် က ပြည်ထောင်စု လွှတ်တော်သို့ တင်ပြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။ (သတင်းစဉ်)

ဥပဒေကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အကြိမ် (၂၀)မြောက် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ကျေးဇူးရှင်အနန္တဂိုဏ်းဝင် အာစရိယဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကို မတ် ၂ ရက် နံနက် ၉ နာရီတွင် တက္ကသိုလ်များဓမ္မာရုံ တက္ကသိုလ်ရိပ်သာလမ်း ကမာရွတ်မြို့နယ်၌ ကျင်းပမည်ဖြစ်ရာ ဦးအေးသောင်း ဖုန်း-၇၃၀၀၄၄၉၃၊ ၀၁-၃၈၈၂၄၄ (လိုင်းခွဲ ၁၁၃/၃၁၃)၊ ဒေါ်ဝေဝေကြည် ဖုန်း-၀၁-၆၆၀၂၆၀၊ ဒေါ်ခင်သန်းမြင့် ဖုန်း-၀၉-၅၁၂၄၈၆၈၊ ဒေါ်ခင်ဆွေ ဖုန်း-၀၁-၅၀၁၂၄၉၊ ဦးတင်သောင်း ဖုန်း-၀၉-၉၉၂၄၉၆၀၊ ဒေါ်သန်းသန်း ဖုန်း-၀၁-၅၅၉၉၀၂၊ ဒေါ်ခင်ဝင်း ဖုန်း-၀၆၇-၃၀၁၄၉၊ ဒေါ်ခင်ငြိမ်းငွေး ဖုန်း-၀၁-၃၉၂၃၉၄ နှင့် ဦးမြင့်ဝေ ဖုန်း-၀၂-၃၃၇၄၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ဦးအုန်းမောင်-ဒေါ်စိုးစိုးတို့အား အမှူးထား၍ မဥ္ဇူလမ်းသွယ်(၃)ပါရမီ ရန်ကင်းမြို့နယ် ရန်ကုန်မြို့နေ ဒေါက်တာဇရှိန်း - ဒေါက်တာဝင်းဝင်းမာ၊ သမီး မငွေစင်ရှိန်း မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး (ရန်ကုန်) တွင် ဆောက်လုပ်လျက်ရှိသော သံဃာဆေးကုသဆောင်သစ်ကြီး၏ အခန်းတစ်ခန်းအတွက် အလှူငွေကျပ် ၂၄ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်လက်ခံစဉ်။ (သတင်းစဉ်)

ဝါကာဗ္ဗဘွဲ့ရများအသင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ဝါကာဗ္ဗဘွဲ့ရများအသင်း(မြန်မာနိုင်ငံ)မှ ကြီးမှူး၍ အသင်းဥက္ကဋ္ဌ ပါမောက္ခ ဦးမော်သန်းက Notes to the financial Statements ခေါင်းစဉ်ဖြင့် ဖေဖော်ဝါရီ ၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ လည်းကောင်း၊ အသင်းအတွင်းရေးမှူး ဦးမိုးကျော်က F-8 Audit & Assurance ၏ မေးခွန်းဟောင်းများအားလုံး သုံးသပ်ခြင်းနှင့် ရှင်းလင်းခြင်းအား ဖေဖော်ဝါရီ ၁၉ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိလည်းကောင်း၊ အလုပ်ရုံဆွေးနွေးပွဲများကို အသင်းတိုက်တည်ရှိရာ အမှတ်(၃၇/၄၁) လမ်း ၅၀(အောက်) ဗိုလ်တထောင်မြို့နယ်၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆိုတက်ရောက်နိုင်ပြီး လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းကြရန်နှင့် အသေးစိတ်သိရှိလိုပါက ရုံးဖုန်း-၂၉၁၆၆၇နှင့် ၇၃၀၈၀၂၆၉၊ ၀၉-၅၄၀၇၅၅၃၊ ၀၉-၄၉၂၁၄၅၉၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

စိုက်ပျိုးစရိတ် ချေးငွေပေးအပ်ပွဲ ဆားလင်းကြီးမြို့နယ်၌ကျင်းပ

ဆားလင်းကြီး ဖေဖော်ဝါရီ ၁၅

ဆားလင်းကြီးမြို့နယ် ထန်းပုကျေးရွာ ထန်းပဒေသာ လယ်/ထွေ သမဝါယမအသင်းတွင် သမဝါယမ စိုက်ပျိုးစရိတ် ချေးငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂ ရက် မွန်းတည့် ၁၂ နာရီတွင် အဆိုပါ သမဝါယမအသင်း၌ ကျင်းပသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်အောင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဇော်မင်းဟန်တို့က တက်ရောက်အမှာစကားပြောကြားပြီး မြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးငွေမောင်းက သမဝါယမ စိုက်ပျိုးစရိတ် ချေးငွေနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဆားလင်းကြီးမြို့ မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးသန်းမြင့်က ထန်းပဒေသာ လယ်/ထွေ သမဝါယမအသင်းဥက္ကဋ္ဌ ဦးခင်လှထံ အသင်းသား ၂၂၅ ဦး၊ စိုက်ဧက ၉၄၀ အတွက် ငွေကျပ် ၂၀၂ သိန်း ချေးငွေပေးကြောင်း သိရှိရသည်။

(မြို့နယ်ပြန်/ဆက်)

ကျောက်ပန်းတောင်းမြို့နယ် အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ကျောက်ပန်းတောင်းမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နိုင်ငံတော်အဆင့် ဆုတံဆိပ်ရပုဂ္ဂိုလ်များအား ဂုဏ်ပြုပွဲကို မတ် ၂၀ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်အနီး အကောက်ခွန်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်ရောက် ကျောက်ပန်းတောင်းမြို့နယ်သူ၊ မြို့နယ်သားများအားလုံး အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးရ အသင်းဝင်များ၏ သားသမီးများသည် အမှတ်စာရင်း မူရင်း မိတ္တူအထောက်အထား ပြည့်စုံစွာဖြင့် ဗိုလ်မှူးကြီးနေဝင်း(ငြိမ်း) ဖုန်း-၅၅၉၄၇၂၊ ဒုတိယဗိုလ်မှူးကြီးမြင့်သိန်း(ငြိမ်း) ဖုန်း-၄၃၀၃၃၅၊ သီဟသုဓမ္မမဏိဇောတဓရ ဦးအေးလွင် ဖုန်း-၆၆၆၄၅၆၊ ဦးမောင်မောင်လှ ဖုန်း-၂၄၀၀၄၇၊ ဦးမြင့်လွင် ဖုန်း-၅၁၀၄၅၂၊ ဦးသန်းထွန်း ဖုန်း-၅၇၁၇၅၆၊ ဦးရဲညွန့် ဖုန်း-၅၄၈၈၃၈၊ ဦးရဲမြ (ကေအမ်ဒီ) ဖုန်း-၂၉၈၂၈၁၊ ဒေါ်ဆွေဆွေညိမ်း ဖုန်း-၅၆၀၈၇၄ တို့သို့ အချိန်မီ ဆက်သွယ်စာရင်းပေးကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(ကြေးမုံ)

ကိုယ်အင်္ဂါ ပြန်လည်သန်စွမ်းရေး ဆေးပညာအဖွဲ့ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို) ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး ဆေးပညာအဖွဲ့မှ ကြီးမှူးကျင်းပမည့် "Osteoporosis Alert! Promoting Bone Health" အကြောင်း ဟောပြောဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၉ရက် နံနက် ၈ နာရီခွဲမှ မွန်းတည့် ၁၂ နာရီအထိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင်(အေ)၌ကျင်းပမည်ဖြစ်ရာ ဆရာဝန်များ၊ ဆေးကျောင်းသားများ၊ အကြောကျွမ်းကျင်ပညာရှင်များနှင့် စိတ်ပါဝင်စားသူများတက်ရောက်နိုင်ကြောင်း၊ တက်ရောက်လိုပါက ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၈ နာရီမှစ၍ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို)၌ မှတ်ပုံတင်နိုင်ကြောင်း သိရှိရသည်။

(ကြေးမုံ)

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အမှတ်(၂) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန် ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၄ ရက်ကကျင်းပရာ တတိယတန်းတွင် ပထမဆု ရရှိသော မဆုမြတ်နိုင်ဦးအား ကျောင်းအုပ်ဆရာကြီး ဦးမြလွင် ဆုချီးမြှင့်စဉ်။ (ပညာရေး)

ဟွန်ဒူးရပ်နိုင်ငံ၌ လေယာဉ်ပျက်ကျ၍ ၁၄ ဦးသေဆုံး

တီဂူစီဂါလ်ပါ(ဟွန်ဒူးရပ်) ဖေဖော်ဝါရီ ၁၅

ဟွန်ဒူးရပ်နိုင်ငံ တီဂူလ်စီဂါလ်ပါမြို့တော်လေဆိပ်၏ တောင်ဘက်သုံးမိုင်ခန့်အကွာ၌ တည်ရှိသည့် လပ်(စ်)မဲစီတပ်(စ်)မြို့တွင် ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းက လက်အယ်လ်-၄၁၀ တာဗိုလက်အမျိုးအစား လေယာဉ်ငယ်တစ်စင်းပျက်ကျရာ လေယာဉ်ပေါ်လိုက်ပါလာသော လေယာဉ်မှူးနှစ်ဦးနှင့် ခရီးသည် ၁၂ဦး သေဆုံးခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။

သေဆုံးသူခရီးသည်များတွင် လူမှုဝန်ထမ်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဂိုဒိုလ်ဖိုရှိဗီလို၊ ဟွန်ဒူးရပ်အလုပ်သမားသမဂ္ဂ ခေါင်းဆောင်ဟိုဆေး(စ်) အစ္စရေးဆာလီနား(စ်)နှင့် စီးပွားရေးဝန်ကြီးဟောင်း ကားလို့(စ်)ချိန်းတို့ ပါဝင်ကြောင်း လေကြောင်းလိုင်းမန်နေဂျာက ပြောကြားသည်။

မြို့တော်တီဂူစီဂါလ်ပါ၏တန်ကွန်တင်လေဆိပ်သို့ ပျံသန်းလာသည့် စင်ထရယ်အမေရိကန် လေကြောင်းလိုင်းပိုင် အဆိုပါလေယာဉ်၏ ခရီးသည်များတွင် အမေရိကန်နိုင်ငံသားနှစ်ဦးနှင့် ကနေဒါနိုင်ငံသားတစ်ဦးတို့လည်း ပါဝင်သည်ဟု ရှေ့နေချုပ်ရုံးက ပြောကြားသည်။

ထိုလေယာဉ်ပျက်ကျမှုတွင် အသက်ဆုံးရှုံးခဲ့ကြသည့် အစိုးရအရာရှိကြီးများကို လေးစားသောအားဖြင့် တစ်နိုင်ငံလုံးဝမ်းနည်းခြင်းအထိမ်းအမှတ်ကာလအဖြစ် သုံးရက်သတ်မှတ်ကြောင်း အစိုးရက ကြေညာသည်။

လေယာဉ်ပျက်ကျရခြင်း၏အကြောင်းရင်းကို စုံစမ်းစစ်ဆေးခဲ့ရာ ပျက်ကျစဉ်အချိန်က အနီးပတ်ဝန်းကျင်တစ်ဝိုက်တွင် မြူများ ဆီးနှင်းများ ကင်းစင်လျက် ရှိသည်ဟုဆိုသည်။

လေယာဉ်မှူးသည် ပျက်ကျချိန်တွင် အသက်မသေခဲ့သော်လည်း ဆေးရုံအပို့တွင် ရရှိသောဒဏ်ရာဖြင့် လမ်း၌ သေဆုံးခဲ့ကြောင်း မီးသတ်ဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အေပီ။

ဟွန်ဒူးရပ်နိုင်ငံတွင် ဖေဖော်ဝါရီ ၁၄ ရက်က ဖြစ်ပွားသော လေယာဉ်ပျက်ကျမှု မြင်ကွင်း။



အင်္ဂါဂြိုဟ်ခရီးစဉ် ပုံစံတူစမ်းသပ်မှုတွင် ပါဝင်သူများ ဂြိုဟ်မျက်နှာပြင်အတုပေါ်သို့ ဆင်းသက်

ကော်ရောယော့ဗ် ဖေဖော်ဝါရီ ၁၅

အင်္ဂါဂြိုဟ်ခရီးစဉ် သဏ္ဌာန်တူ စမ်းသပ်မှု၌ ပါဝင်သော နိုင်ငံတကာသုတေသနပညာရှင်အဖွဲ့သည် အလုံပိတ်သံမဏိပြွန်ကြီးထဲ၌ ရက်ပေါင်း ၂၅၇ ရက်ကြာ နေထိုင်ခဲ့ကြပြီးနောက် အင်္ဂါဂြိုဟ်မြေမျက်နှာပြင်အနေအထားအတိုင်း ဖန်တီးထားသော နေရာတုသို့ ဖေဖော်ဝါရီ ၁၄ ရက်က ဆင်းသက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ရုရှားနိုင်ငံသားသုံးဦး၊ ပြင်သစ်နိုင်ငံသားတစ်ဦး၊ အီတလီဖွား ကိုလံဘီယာနိုင်ငံသားတစ်ဦးနှင့် တရုတ်နိုင်ငံသား တစ်ဦး စုစုပေါင်းခြောက်ဦးပါဝင်သော သုတေသနအဖွဲ့ဝင်များသည် ရုရှားနိုင်ငံ မော်စကိုမြို့ အာကာသ သုတေသနဌာနရှိ အလုံပိတ်ပြွန်အတွင်းသို့ ပြီးခဲ့သည့်နှစ် ဇွန်လကပင် စတင်ဝင်ရောက်ခဲ့ကြသည်။

ဂြိုဟ်နီကြီးဟုထင်ရှားသော အင်္ဂါဂြိုဟ်သို့ အမှန်တကယ်သွားရောက်မည်ဆိုပါက ရက်ပေါင်း ၅၂၀ကြာမြင့်မည့် ငြီးငွေ့ဖွယ်ခရီးစဉ်အတွင်း လိုက်ပါမည့်သူများ၏ စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ တုံ့ပြန်မှုများကို လေ့လာရေးအတွက် သဏ္ဌာန်တူ အင်္ဂါဂြိုဟ်ခရီးစဉ်အတုကို လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

မားစ်-၅၀၀ဟု အမည်ပေးထားသော အင်္ဂါဂြိုဟ်ခရီးစဉ် သဏ္ဌာန်တူစမ်းသပ်မှုသည်အဆင့်လိုက်ပြီးမြောက်ခဲ့ပြီး စမ်းသပ်မှုတွင်ပါဝင်သူ သုတေသနပညာရှင်များ၏ စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ အခြေအနေများလည်း ကောင်းမွန်ကြောင်း ရုရှားအာကာသအေဂျင်စီ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အင်္ဂါဂြိုဟ်ခရီးစဉ် သဏ္ဌာန်တူစမ်းသပ်မှု၌ ပါဝင်သူများသည် ပြင်ပကမ္ဘာကို အင်တာနက်မှတစ်ဆင့် အဆက်အသွယ်ပြုလုပ်နိုင်သည်။ သို့ရာတွင် အာကာသခရီးစဉ်များ၌ ကြုံရမည့် အကျိုးသက်ရောက်မှုများအတိုင်း အင်တာနက်အဆက်အသွယ်ကို မကြာခဏ ပြတ်တောက်စေရန် စီမံထားသည်။ ***အေပီ။***

အမေရိကန်ဂျူးအဖွဲ့အစည်းခေါင်းဆောင် ဆီးရီးယားသို့ လျှို့ဝှက်သွားရောက်ခဲ့

ဂျေရုဆလင် ဖေဖော်ဝါရီ ၁၅

မကြာသေးမီက ဆီးရီးယားနိုင်ငံသို့ လျှို့ဝှက်သွားရောက်ခဲ့သည့် ၎င်း၏ခရီးစဉ်သည် ဆီးရီးယားသမ္မတ ဘာရှာအာဆတ်၏ အနောက်အုပ်စုနှင့် ဆက်ဆံရေး တိုးတက်ကောင်းမွန်ရန် လိုလားသည့်ဆန္ဒကို ဖော်ညွှန်းသည့်လက္ခဏာဖြစ်နိုင်ကြောင်း အမေရိကန်ဂျူးအဖွဲ့အစည်း၏ ထိပ်တန်းခေါင်းဆောင်တစ်ဦးက တနင်္လာနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

အမေရိကန် ဂျူးအဖွဲ့အစည်းများ၏ ထိပ်တန်းခေါင်းဆောင် မဲလ်ကွန်ဟိုးလိမ်း။

အာရပ်ကမ္ဘာသည် ဒီမိုကရေစီကျင့်သုံးမှုကို လက်ခံစပြုလာပြီဖြစ်၍ နိုင်ငံတကာအသိုက်အဝန်းသည် သတိနှင့် ရှေ့ဆက်လှမ်းသင့်ကြောင်း အမေရိကန် ဂျူးအဖွဲ့အစည်းများ၏ ထိပ်တန်းခေါင်းဆောင် မဲလ်ကွန်ဟိုးလိမ်းက ပြောကြားသည်။

အေပီသတင်းဌာနနှင့် တွေ့ဆုံမေးမြန်းခန်းတွင် အာဆတ်၏ ဖိတ်ကြားချက်အရ ဒမတ်စကပ်သို့ ဒီဇင်ဘာလအတွင်းက တစ်ရက်ကြာခရီးသွားရောက်ခဲ့ကြောင်း ဟိုးလိမ်းက အတည်ပြု ပြောကြားသည်။

၎င်းသည် အစ္စရေးနိုင်ငံ၏ သံတမန်တစ်ဦးအဖြစ် သွားရောက်ခြင်းမဟုတ်ဘဲ လူသားချင်းစာနာသည့်အနေဖြင့် သွားရောက်သည့်ခရီးစဉ်သာဖြစ်ကြောင်း ဟုန်းလိမ်းကပြောသည်။ သမ္မတအာဆတ်နှင့် စကားပြန်မပါဘဲ၊ ပြဿနာပေါင်းများစွာကို နာရီအတန်ကြာမျှ ဆွေးနွေးခဲ့သည်ဟုဆိုသည်။ အသေးစိတ်အချက်အလက်များ ထုတ်ဖော်ပြောကြားရန်ကိုမူ ငြင်းဆိုသည်။

ဆီးရီးယားနိုင်ငံ၏ လူ့အခွင့်အရေးစံနှုန်းမှုသည် လက်ဘနွန်မှ ဟစ်ဇ်ဘိုလာသူပုန်များ၊ ဂါဇာကမ်းမြောင်မှ ဟားမားစ်စစ်သွေးကြွများနှင့် အီရတ်မှ အမေရိကန်ဆန့်ကျင်ရေး လက်နက်ကိုင်အုပ်စုများကို အာဆတ်က ထောက်ခံနေခြင်းအား အစ္စရေးနှင့် အမေရိကန်တို့က စိုးရိမ်လျက်ရှိသည်။

အေပီ။

ရေအောက်၌အပြည့်အဝငုပ်လျှိုးနိုင်သော မူးယစ်သယ်ပို့ရေငုပ်ယာဉ် ကိုလံဘီယာ၌သိမ်းဆည်း

ဘိုဂိုတာ ဖေဖော်ဝါရီ ၁၅

မက္ကဆီကိုကမ်းခြေအရောက် ရေအောက်၌ အပြည့်အဝ ငုပ်လျှိုးမောင်းနှင်နိုင်သော မူးယစ်ဆေးဝါး မှောင်ခိုလုပ်ငန်းသုံး ရေငုပ်ယာဉ်တစ်စင်းကို ပထမဆုံးအကြိမ်အဖြစ် ကိုလံဘီယာတပ်ဖွဲ့ဝင်များက သိမ်းဆည်းမိခဲ့ကြောင်း သက်ဆိုင်ရာက ဖေဖော်ဝါရီ ၁၄ရက်တွင် သတင်းထုတ်ပြန်သည်။

အလားတူ ရေအောက်၌ အပြည့်အဝငုပ်လျှိုး မောင်းနှင်နိုင်သော မူးယစ်မှောင်ခိုလုပ်ငန်းသုံး ရေငုပ်ယာဉ်တစ်စင်းကို အိမ်နီးချင်းအီကွေဒေါနိုင်ငံ၌ ပြီးခဲ့သည့်နှစ် ဇူလိုင်လက သိမ်းဆည်းရမိဖူးသည်။

ကိုလံဘီယာနိုင်ငံ၌ ယခင်ကတွေ့ရှိခဲ့ဖူးသော မူးယစ်ဆေးဝါးသယ်ဆောင်ရေးရေငုပ်ယာဉ်များသည် ရေအောက်သို့ အပြည့်အဝငုပ်နိုင်စွမ်းမရှိဘဲ ရေငုပ်ယာဉ်၏အပေါ်ပိုင်းမှာ ရေပေါ် ပေါ်နေလေ့ရှိသည်။

ကိုလံဘီယာတပ်ဖွဲ့ဝင်များ ဖေဖော်ဝါရီ ၁၃ရက်က ရှာဖွေတွေ့ရှိခဲ့သော ရေငုပ်ယာဉ်သည် ရေအောက်၌ အပြည့်အဝ ငုပ်လျှိုးမောင်းနှင်နိုင်စွမ်းရှိကြောင်း ကိုလံဘီယာ ပစိဖိတ်စစ်ဌာနချုပ်အကြီးအကဲက ပြောကြားသည်။

အဆိုပါရေငုပ်ယာဉ်သည် မူးယစ်ဆေးဝါး ရှစ်တန်ကို သယ်ဆောင်ခုတ်မောင်းနိုင်မည်ဟု ခန့်မှန်းရကြောင်း သတင်းတွင် ဖော်ပြသည်။

ယင်းရေငုပ်သင်္ဘောကို ကိုလံဘီယာနိုင်ငံဘိုဂိုတာ မြို့တော် အနောက်တောင်ဘက် ၂၇၅ မိုင်အကွာ ကော်ကာပြည်နယ်ရှိ မြစ်တစ်စင်းအတွင်း တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ရေငုပ်ယာဉ်သည် လူခြောက်ဦးလိုက်ပါနိုင်ကာ ၉၉ ပေ အလျားရှိပြီး ဒီဇယ်အင်ဂျင်များ အသုံးပြုမောင်းနှင်နိုင်သည်။ ***(အောက်ပုံ)*** ***အေပီ။***

အကြမ်းဖက်ရန် ခြိမ်းခြောက်မှုများကြောင့် အစ္စရေးသံတမန်ခရီးစဉ် လေးခုဖျက်သိမ်း

ဂျေရုဆလင် ဖေဖော်ဝါရီ ၁၅

အစ္စရေးနိုင်ငံသားများကို ပြစ်မှတ်ထား၍ အကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်ရန် ခြိမ်းခြောက်မှုများ ပိုမိုမြင့်တက်လာခြင်းကြောင့် နိုင်ငံလေးနိုင်ငံသို့ စေလွှတ်ရန် စီစဉ်ထားသော သံတမန်ခရီးစဉ်လေးခုကို အစ္စရေးအာဏာပိုင်များက ဖျက်သိမ်းခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

အစ္စရေးနိုင်ငံသားများအား အကြမ်းဖက်တိုက်ခိုက်ရန် ခြိမ်းခြောက်မှုများ ပေါ်ထွက်လာခြင်းသည် ဟစ်ဇ်ဘိုလာတပ်မှူးတစ်ဦး ၂၀၀၈ ခုနှစ်အတွင်း ဆီးရီးယားနိုင်ငံ၌ ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးခဲ့ရသည့် အထိမ်းအမှတ်ကာလနှင့် ဆက်စပ်နေပုံရကြောင်း သတင်းတွင် ဖော်ပြသည်။

ပေါက်ကွဲမှုကို အစ္စရေးနိုင်ငံက ဖန်တီးခဲ့ကြောင်း ဟစ်ဇ်ဘိုလာအဖွဲ့က စွပ်စွဲခဲ့ပြီး ပြန်လည်လက်တုံ့ပြန်ရန် မကြာခဏ ကြုံးဝါးခဲ့သည်။

ခြိမ်းခြောက်မှုများကို တုံ့ပြန်သည့်အနေဖြင့် တူရကီ၊ အီဂျစ်၊ ဂျော်ဂျီယာ၊ ဗင်နီဇွဲလား၊ အာမေးနီးယားနှင့် အိုင်ဗရီကို့စ်နိုင်ငံတို့ရှိ အကြမ်းဖက်မှုများ၏ ပစ်မှတ်ဖြစ်လာနိုင်သော အစ္စရေးနိုင်ငံသားများနှင့် ခရီးသည်များကို အစ္စရေးအမျိုးသားလုံခြုံရေးကောင်စီက သတိပေးချက်ထုတ်ပြန်ထားခဲ့သည်။

ခရီးသွားသတိပေးချက် ထုတ်ပြန်ထားသော နိုင်ငံများအနက် မည်သည့်နိုင်ငံများသို့ သံတမန်အဖွဲ့များ စေလွှတ်မည်ကို အစ္စရေးနိုင်ငံက ပြောကြားခြင်းမရှိပေ။

အင်တာနက်။

ဗြိတိန်နှင့် တူရကီစစ်ဘက်ဆိုင်ရာသဘောတူညီချက်လက်မှတ်ရေးထိုးကြမည်

အစ္စတန်ဘူလ် ဖေဖော်ဝါရီ ၁၅

နှစ်နိုင်ငံ၏ ကျွမ်းကျင်မှုများကို မျှဝေရန်ခွင့်ပြုနိုင်မည့် စစ်ရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်ရေးထိုးရေးကို ဗြိတိန်နှင့် တူရကီနိုင်ငံတို့က ဆွေးနွေးနေကြသည်ဟု မီဒီယာများက ယနေ့ ဖော်ပြကြသည်။

စစ်ဘက်အသုံးစရိတ် ၇ဒသမ ၅ရာခိုင်နှုန်းဖြတ်တောက်ခံရမည့် ဗြိတိန်စစ်ဘက်အား ဟန်ချက်ထိန်းပေးမည့် အဆိုပါသဘောတူညီချက်ကို ၂၀၁၁ခုနှစ် ဇူလိုင်လတွင်လက်မှတ်ရေးထိုးနိုင်မည်ဟု မျှော်လင့်ရသည်။ထိုသဘောတူညီချက်အရ အာဖဂန်နစ္စတန်နှင့် ရာသီဥတုအရ လုံးဝနီးပါးတူသော တူရကီနိုင်ငံတွင် ဗြိတိန်သည် ၎င်း၏ရဟတ်ယာဉ်မှူးများကို လေ့ကျင့်ခွင့်ရရှိမည်ဖြစ်သည်။ ၎င်းအပြင် စစ်ဘက်ဆိုင်ရာပစ္စည်းကိရိယာအစီအစဉ်တွင်လည်း ပူးပေါင်းဆောင်ရွက်နိုင်ကြမည် ဖြစ်သည်။

၂၀၂၀ ခုနှစ်အတွက် ပုံစံထုတ်ထားသည့် ဖရီးဂိတ်စစ်သင်္ဘောများ တည်ဆောက်ရာတွင် တူရကီက ဗြိတိန်ကို အကူအညီပေးမည်ဖြစ်သည်။ လေ့ကျင့်ရေးအစီအစဉ်များတွင်လည်း နှစ်နိုင်ငံစစ်ဘက်ဝန်ထမ်းများကို အပြန်အလှန် စေလွှတ်ပေးကြမည်ဖြစ်သည်။

ကမ္ဘာပေါ်တွင် စစ်အင်အား အကြီးမားဆုံးနိုင်ငံများတွင် အပါအဝင်ဖြစ်သည့် တူရကီ၌ တပ်ဖွဲ့ဝင် ၅၁၇၁၀၀ ရှိ၍ ဗြိတိန်နိုင်ငံ၌ ၁၇၈၃၇၀ သာ ရှိသည်။

ဗြိတိန်နိုင်ငံသည် ပြင်သစ်နိုင်ငံနှင့်လည်း စစ်ရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးပြီးဖြစ်သည်။ ထိုသဘော တူညီချက်အရ စစ်ဘက်ဆိုင်ရာနည်းပညာအသစ်များ ဖွံ့ဖြိုးတိုးတက်ရန် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်သည်။ **အင်တာနက်**။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) သီဟသူရဦးတင်အောင်မြင့်ဦး နေပြည်တော်ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ဆေးဝါးကုသမှုခံယူလျက်ရှိသော စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၁၀) မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ကြီးအား ကြည့်ရှုအားပေးစဉ်။ (သတင်း-ကျော်ဖုံး) (သတင်းစဉ်)

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု သန်လျင်စည်ပင် ကတ္တရာထပ်ပိုးလွှာလမ်းသစ် ဖွင့်လှစ်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်သည့် ဟံသာဝတီလမ်း ကတ္တရာထပ်ပိုးလွှာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၈ရက်ကကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ထွန်းသန်းထံ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြည်တင်က ဟံသာဝတီလမ်း ကတ္တရာထပ်ပိုးလွှာလမ်းသစ်ဖွင့်ပွဲ အထိမ်းအမှတ်အလံကို ပေးအပ်သည်။

ဆက်လက်၍ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းသော်ဝင်းနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမိုးခိုင်ထွန်းတို့ထံ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်လင်းသန်းက လမ်းသစ်ဖွင့်ပွဲ အထိမ်းအမှတ်အလံများကို ပေးအပ်သည်။

ဖွင့်လှစ်ပေး

ယင်းနောက် မင်္ဂလာအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြည်တင်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းသော်ဝင်းနှင့်အဖွဲ့၊ အမှုဆောင်အရာရှိ ဦးကျော်လင်းသန်းတို့က ဟံသာဝတီလမ်းကတ္တရာထပ်ပိုးလွှာလမ်းသစ်အား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ထွန်းသန်းက မှတ်တမ်းမှတ်ရာ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့ကြောင်းသိရသည်။**(ဝဲပုံ)** (ကြေးမုံ)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ဦးမောင်မောင်ထွေး (ကိုထွေး-သစ်ရောင်းဝယ်ရေး)သည် ကစားဖော်များဖြစ်ကြသော ဦးဇော်လင်းလတ် (MDနီလာဝင်းကုမ္ပဏီလီမိတက်)၊ ဦးဆန်းမွန်း (သစ်မိသားစု ထရိတ်ဒင်းကုမ္ပဏီ)၊ ဦးကျော်မိုးလွင်၊ ဗိုလ်မှူးသန့်စင်ထွန်း(ငြိမ်း)တို့နှင့်အတူ ဖေဖော်ဝါရီ ၈ ရက်က မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားစဉ် Titleist Pro VI NO (2) ဘောလုံးကို Bazooka Iron No(7) သံတုတ်ဖြင့် ရိုက်လိုက်ရာ ၁၇၃ ကိုက်အကွာအဝေးတွင်ရှိသော ကျင်းအမှတ်(၂)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဖေဖော်ဝါရီ ၄ ရက်က ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြည်တင်နှင့်အဖွဲ့ သုံးခွမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏(၂၀၁၀-၂၀၁၁) ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော မြို့တွင်းလမ်းများပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ၊ မြို့သန့်ရှင်းသပ်ရပ်သာယာလှပရေးလုပ်ငန်းများနှင့် မြို့မဈေးမီးဘေးလုံခြုံရေး ကြိုတင်ပြင်ဆင်မှုများကို ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

တပ်မတော်(အငြိမ်းစား)ဘောလုံးနည်းပြနှင့် ဘောလုံးသမားဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

၂၀၁၁ ခုနှစ် သတ္တမအကြိမ်မြောက် တပ်မတော်(အငြိမ်းစား) ဘောလုံးနည်းပြနှင့် ဘောလုံးသမားဟောင်းများအား အာစရိယပူဇော်ပွဲနှင့် ကစားသမားဟောင်းများတွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၂၇ ရက်(တနင်္ဂနွေနေ့)နံနက် ၈ နာရီမှ ၁၁ နာရီအထိ ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဘောလုံးကွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအာစရိယပူဇော်ပွဲသို့တပ်မတော်(အငြိမ်းစား) ဘောလုံးနည်းပြများနှင့် တပ်မတော် ဘောလုံးသမားဟောင်းများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် အလှူငွေပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဗိုလ်မှူးစိုးမြင့်အောင် ဖုန်း-၀၉-၅၀၅၅၅၆၂၊ ဗိုလ်မှူးတင့်ဇော် ဖုန်း-၀၁-၇၃၀၈၆၀၈၄၊ ဗိုလ်မှူးမျိုးဝင်းအောင် ဖုန်း-၀၉-၄၉၇၆၁၄၄၇၊ ဦးအေးကြူကြီး ဖုန်း-၀၉-၅၀၄၉၁၃၂၊ အရာခံဗိုလ်ထွန်းတင့်အောင် ဖုန်း-၀၁-၇၃၀၃၄၂၁၀၊ အရာခံဗိုလ် မျိုးမြင့်ထွေး ဖုန်း-၀၉-၅၀၄၈၂၈၉၊ တပ်မတော်(ဒိုင်လူကြီး) အဆောင်ဖုန်း-၆၃၅၆၃၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ယနေ့ နံနက် ၆ နာရီ ၁၆ မိနစ် ၁၀ စက္ကန့်တွင် မန္တလေးမြေငလျင် စခန်းမှ မြောက်ဘက် မိုင် ၂၉၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မြစ်ကြီးနားမြို့၏ အနောက်မြောက်ဘက် မိုင် ၉၀ ခန့်အကွာ)ကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၄ ဒသမ ၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ခန္တီးမြို့ သန့်ရှင်းသပ်ရပ်သာယာလှပမှုရှိရေးအတွက် ကမ်းနားလမ်းတစ်လျှောက် လမ်းဘေးကပ်တုံးများ ဆောင်ရွက်နေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးအောင် ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၆-၂-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၂ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇း၀၅ ၃။ တရားတော်
- ၇း၁၅ ၄။ ဓမ္မပူဇာတေး
- ၇း၂၀ ၅။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၃။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄း၁၀ ၃။ နိုင်ငံတော်သီချင်း
- ၄း၁၅ ၄။ အဖွင့်သီချင်း
- ၄း၂၀ ၅။ မျိုးချစ်တပ်မတော်
- ၄း၂၅ ၆။ အမျိုးသားရေးတေးကဗျာ
- ၄း၃၀ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၄၅ ၈။ ရန်သူမီး
- ၅း၀၀ ၉။ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက် အကူပြုသင်ခန်းစာ (ရူပဗေဒ)
- ၅း၂၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၃၉)**
- ၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆း၃၅ ၁၄။ **Mail Box**
- ၆း၄၅ ၁၅။ ကာတွန်းအစီအစဉ် -ဆိုက်ကစ်ပါဝါသူရဲကောင်းလေးများ(အပိုင်း -၄၇)
- ၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မျှော်လင့်ခြင်းရောင်ခြည် (အပိုင်း-၁၀)**
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ ဦးတည်ချက်(၁၂)ရပ်
- ၂၀။ နိုင်ငံတကာသတင်း
- ၂၁။ မိုးလေဝသသတင်း
- ၂၂။ ရယ်စရာပျော်စရာ ဟာသပဒေသာ -ကပ်စေးနှဲဂေဟာ (ဟန်ထက်စော၊ ဇော်၊ ခင်လှိုင်၊ကျော်ဝှက်၊ချစ်စု၊ မိုးတိမ်၊ရီရီပွင့်ဖြူ၊တက္ကသိုလ်ဝမ်းပုံ၊မျိုးမျိုးခိုင်၊မိုးသွန်းခ) [ဒါရိုက်တာ-စိန်လင်း(ပုံရိပ်ရွှေမြေ)]
- ၂၃။ **Internet Website** ကဏ္ဍ/အိုင်စီတီသုတ
- ၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မျဉ်းပြိုင်များ (အပိုင်း-၈)**
- ၂၆။ ကြယ်ကလေးတို့ရဲ့ဂီတ မိုးကောင်းကင်
- ၂၇။ သင့်အတွက်မနက်ဖြန်
- ၂၈။ အပိတ်နှုတ်ဆက်စကား
- ၂၉။ ပြီးပါပြီ။

မြန်မာ့ကြံသကြားစက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး နှီးနှောဖလှယ်ပွဲ စာတမ်းဖတ်ပွဲကျင်းပရေး အကြိုညှိနှိုင်း

နေပြည်တော် ဖေဖော်ဝါရီ ၁၅

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စက်မှုသီးနှံ ဖွံ့ဖြိုးရေးလုပ်ငန်း ကြံသီးနှံလုပ်ငန်းဌာနနှင့် မြန်မာနိုင်ငံ ကြံနှင့်ကြံထွက်ပစ္စည်းကုန်သည်များနှင့် ထုတ်လုပ်သူများအသင်းတို့ ပူးတွဲ၍ မြန်မာ့ကြံသကြားစက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး နှီးနှောဖလှယ်ပွဲ စာတမ်းဖတ်ပွဲကျင်းပရေး အကြိုညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ ကြံသီးနှံလုပ်ငန်းဌာန ရုံးချုပ်အစည်းအဝေး ခန်းမ၌ ကျင်းပရာ အသင်းနာယက ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲထွန်းနှင့် အသင်းဥက္ကဋ္ဌ ဦးစိုးလင်းတို့က အမှာစကားပြောကြားကြသည်။

နှီးနှောဖလှယ်ပွဲကို မတ် ၄ ရက်တွင် တောင်ကြီးအေးသာယာဟိုတယ်၌ ကျင်းပမည်ဖြစ်ပြီး လယ်ယာသုံး စက်ပစ္စည်းများ၊ ပိုးသတ်ဆေးများနှင့် ပေါင်းသတ်ဆေးများ ပြသမည်ဖြစ်ရာ စာတမ်းဖတ်ပွဲသို့ တက်ရောက် လိုသူများနှင့် ပြခန်းပြလိုသူများသည် ကြံသီးနှံလုပ်ငန်းဌာန ဖုန်း-၀၁-၆၆၆၀၃၉၊ မြန်မာနိုင်ငံကြံနှင့် ကြံထွက်ပစ္စည်းကုန်သည်များနှင့် ထုတ်လုပ်သူများအသင်းရုံး ဖုန်း-၀၂-၉၁၀၁၂၂၆၁ သို့ စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စက်မှုသီးနှံ ဖွံ့ဖြိုးရေးလုပ်ငန်း ကြံသီးနှံလုပ်ငန်းဌာနနှင့် မြန်မာနိုင်ငံ ကြံနှင့် ကြံထွက်ပစ္စည်းကုန်သည်များနှင့် ထုတ်လုပ်သူများအသင်းတို့ ပူးတွဲ၍ မြန်မာ့ကြံသကြားစက်မှုလုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေးနှီးနှောဖလှယ်ပွဲ စာတမ်းဖတ်ပွဲကျင်းပရေးအကြိုညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

ကြိုတင် ကာကွယ် မီး အန္တရာယ်

ပထမအကြိမ် ချင်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပ ပြည်နယ်လွှတ်တော်က သဘောတူကြောင်းကြေညာခဲ့သည့် ပြည်နယ်ဝန်ကြီး(၉)ဦး အမည်စာရင်းမှ တစ်ဦးကို ပယ်ဖျက်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ပထမအကြိမ် ချင်းပြည်နယ်လွှတ်တော်ပုံမှန်အစည်းအဝေးကို စတုတ္ထနေ့အဖြစ် ယနေ့ နံနက် ၁၀ နာရီတွင် ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဟောက်ခင်ခမ်း အပါအဝင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၂၄)ဦးစလုံး တက်ရောက်ကြသည်။

အစည်းအဝေး၌ ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး တတိယနေ့တွင် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုတင်သွင်းပြီး ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည့် ပြည်နယ်ဝန်ကြီး(၉)ဦး အမည်စာရင်းအနက် ကန်ပက်လက်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကွီးထန်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၁(က)အရ အသက်(၃၅)နှစ် မပြည့်သေးကြောင်း တီးတိန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇမ်းကျင့်ပေါ်(ခ)ဦးဇိုဇမ်းပါ လွှတ်တော်ကိုယ်စားလှယ်(၁၁)ဦးက လက်မှတ်ရေးထိုးထားသည့် ကန့်ကွက်ချက်အား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသို့ တင်ပြသည်။

အဆိုပါတင်ပြချက်နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ဦးကွီးထန်း၏ ကိုယ်ရေးမှတ်တမ်းအား စိစစ်ရာ အသက်(၃၅)နှစ်ပြည့်ရန် (၁၉)ရက်လိုအပ်ကြောင်း တွေ့ရှိရပြီး ကန့်ကွက်တင်ပြချက်သည် ဥပဒေနှင့်ညီညွတ်မှုရှိသဖြင့် ဦးကွီးထန်း၏ အမည်စာရင်းအား ပြည်နယ်ဝန်ကြီး အမည်စာရင်းမှ ဥပဒေနှင့်အညီ ပယ်ဖျက်ကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ပထမအကြိမ် ချင်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို နံနက် ၁၀ နာရီ ၇ မိနစ်တွင် ရပ်နားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဖေဖော်ဝါရီ ၁၅ ရက်က ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပသည့် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့ သမ္မတနိုင်ငံ နိုင်ငံတော်ကာကွယ်ရေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာကင်ဂျုံအီး၏ မွေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီးတို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Kim Sok Chol ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော ၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာကို ဗိုလ်တထောင်မြို့နယ် ဥက္ကဋ္ဌ ဦးသန့်ဇော်ဦး ဖတ်ကြားစဉ်။ (သတင်းစဉ်)

၂၀၁၁ ခုနှစ် နွေရာသီအားကစားသင်တန်းများ ဖွင့်လှစ်မည် အားကစားဝါသနာရှင်များ မည်သူမဆို တက်ရောက်သင်ကြားနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်မည့် ၂၀၁၁ ခုနှစ် နွေရာသီအခြေခံ အားကစားသင်တန်းများကို လူငယ်မောင်မယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ပြီး အားကစားအသိစိတ်ဓာတ် ပိုမိုသက်ဝင်ယုံကြည်လာခြင်းမှသည် တစ်မျိုးသားလုံး၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန်၊ မိမိဝါသနာပါရာ အားကစားနည်းများကို လေ့ကျင့်လိုက်စားခြင်းမှသည် အမျိုးသားအားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်နှင့် နွေရာသီအားကစားသင်တန်းများမှတစ်ဆင့် ဗီဇပါရမီ ရင့်သန်၍ အောင်မြင်မှုအလားအလာရှိသော ရွှက်ပုန်းသီး မျိုးဆက်သစ်အားကစားသမားများ ရှာဖွေဖော်ထုတ်လေ့ကျင့်ပေးပြီး နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားအဖြစ်သို့ ပြုစုပျိုးထောင် လေ့ကျင့်ပေးသွားနိုင်ရန် ရည်ရွယ်၍ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ဒေသနှင့် လိုက်လျောညီထွေမှုရှိ၍ လူအများစိတ်ပါဝင်စားသော အားကစားနည်းများကို ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်သည်။

ရန်ကုန်မြို့၌ နွေရာသီအားကစားသင်တန်းများကို မတ် ၇ ရက်မှ ဧပြီ ၈ ရက်အထိ (ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ အလေးမ၊ လက်ဝှေ့၊ ဂျူဒို၊ စားပွဲတင်တင်းနစ်၊ ဘတ်စကက်ဘော၊ သိုင်း၊ ခြင်းလုံး၊ အေရိုးဗစ်၊ တိုက်ကွမ်ဒို၊ ကျွမ်းဘား၊ ဝူရှူး၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်၊ စက်ဘီး၊ တင်းနစ်၊ စစ်တုရင်၊ လှေလှော်၊ ကရာတေးဒို၊ ကာယဗလ/အလှ၊ ရွက်လှေ၊ ဟော်ကီ၊ မြားပစ်၊ ရေကူး၊ ဘော့စ်ဘော၊ ခရစ်ကက်၊ သေနတ်ပစ်၊ ဂေါက်သီး၊ ဘိလိယက်နှင့် ဘိုးလင်း အားကစားနည်း ၃၂ နည်း ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်သည်။

အဆိုပါ နွေရာသီအားကစားသင်တန်းများသို့ တက်ရောက်သင်ကြားလိုကြသည့် လူငယ်မောင်မယ်များနှင့် အားကစားဝါသနာရှင်များသည် သင်တန်းဝင်ခွင့်ပုံစံများကို မိမိတို့သင်ကြားလိုသည့် အားကစားနည်းအလိုက် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ် ရုံးများ၌ လည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ လူထုအားကစားနှင့် ပညာပေးဌာနခွဲ(ရန်ကုန်) ကျိုက္ကဆံအားကစားကွင်း၌ လည်းကောင်း ဆက်သွယ်ရယူနိုင်ကြကြောင်းနှင့် အသေးစိတ်စုံစမ်းလိုပါက ဖုန်း-၄၀၀၄၃၁ နှင့် ၄၀၀၈၉၂ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ယခုတစ်ပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ်အတွဲ (၇)၊ အမှတ်(၇)တွင် "အစိုးရသစ်ဖွဲ့စည်းမှုနှင့် အသွင်ကူးပြောင်းစ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ" နိုင်ငံရေးပြုပြင်ပြောင်းလဲမှု မျက်နှာဖုံးသုံးသပ်ဆောင်းပါး၊ ပြည်ထောင်စုအစိုးရဝန်ကြီးများစာရင်းနှင့် ကိုယ်ရေးအကျဉ်း အပါအဝင် သတင်းများ ဝေဝေဆာဆာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

ငါးသိန်းတန် ဂျီအက်စ်အမ်ဖုန်းများ ရန်ကုန်နှင့် မန္တလေးတွင် တစ်ပြိုင်တည်း ချပေးပြီ၊ ရွေးကောက်ပွဲဆိုင်ရာစီမံဆောင်ရွက်မှုများ အဆင်သင့်ဖြစ်စေရန် ကြိုတင်ဆောင်ရွက်၊ ပြည်တွင်းအင်န်ဂျီအိုများ ထောက်ပံ့ကြေးကိုမှီခိုမနေဘဲ လူမှုဝန်းကျင်ဆိုင်ရာ စီးပွားရေးလုပ်ငန်းများကို ထူထောင်နိုင်မှသာ လူမှုရေးလုပ်ငန်းများ စဉ်ဆက်မပြတ်လုပ်ဆောင်နိုင်မည်ဟုဆို၊ ထားဝယ်အထူးစက်မှုဇုန်နှင့် ရေနက်ဆိပ်ကမ်း စီမံကိန်း ပထမအဆင့်တွင် မြန်မာလူမျိုး ၆၀၀၀ အလုပ်ရမည်ဟုဆို၊ ဘုရင့်နောင်ကုန်စည်ဈေးကွက်၊ မန္တလေးနှင့် မုံရွာကုန်စည်ဈေးကွက်သတင်းများ၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ "အစိုးရသစ်နှင့်ပြည်သူ့အမြင်" အကြောင်း၊ "လွတ်လွတ်လပ်လပ် နေရတာကြိုက်လို့ နာမည်မကြီးချင်ဘူး" အောင်လနှင့်လိုတိုဗျူး စသည့်ဖျော်ဖြေရေးကဏ္ဍများ၊ ပြည်တွင်းသတင်းများ ဝေဝေဆာဆာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

A/H1N1 ရောဂါသည်မိခင်မှ ကျန်းမာသော ကလေးတစ်ဦး အောင်မြင်စွာ မွေးဖွားနိုင်ခဲ့၊ ဟန်လုပ်တတ်သော အမျိုးသားများကို အမျိုးသမီးများ ပိုမိုစိတ်ဝင်စားဟုဆို၊ "စင်ကာပူတွင် တရားမဝင်ခိုးဝင်၊ ခိုးထွက်မှုများကို စစ်ဆေးရေးဂိတ်များက ဖမ်းဆီးရမိခဲ့သောအမှု ၁၈ မှုရှိခဲ့" မှုခင်းရေးရာ ကဏ္ဍ၊ မွေးနေ့ရှင်အဆိုအမိန့်၊ ကျန်းမာရေးကဏ္ဍ၊ နည်းပညာကဏ္ဍ၊ စီးပွားရေးကဏ္ဍစုံလင်စွာ ပါရှိသည်။ (သတင်းစဉ်)

ဇန်နဝါရီ ၇ ရက်က ကျင်းပသော တာမွေမြို့နယ် အမှတ်(၃)အခြေခံပညာ အလယ်တန်းကျောင်း ပညာရည်ချွန်ဆုပေးပွဲတွင် မြို့နယ်စာစီစာကုံးဆုနှင့် စာပေထူးချွန် ဒုတိယဆုရရှိသော အဋ္ဌမတန်းမှ မနှင်းကေသီမြင့်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ညွန့် ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ကြေးမုံ)

မီးဘေးလုံခြုံရေး

နေပြည်တော်ခရိုင် တပ်ကုန်းမြို့ မြို့မဈေး မီးဘေးလုံခြုံရေးအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဒုတိယရဲမှူးဝင်းတင်၊ တပ်ကုန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ခန့်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးထင်ကျော်နိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးကျော်ကျော်တို့ ပါဝင်သော အဖွဲ့ တပ်ကုန်းမြို့မဈေး၌ မီးသတ်ယာဉ် နှစ်စီး၊ မီးသတ်တပ်ဖွဲ့ဝင် ရှစ်ဦးတို့ဖြင့် ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်စဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆-၂-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ "ဘဝ၏အပိုင်းအစများ" တရားတော် [ဘဒ္ဒန္တစန္ဒသေန (သုညတမွေဆရာတော်)]
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၁၆)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၃၃)**
၈း၄၀ Emperor Love Concert (Part-2)
၉း၁၅ Activities In The City (မြန်မာနိုင်ငံပင်လယ်ကူးသဘော်သားများအသင်းဂုဏ်ပြုချီးမြှင့်ပွဲနှင့် စာနယ်ဇင်းတွေ့ဆုံပွဲအခမ်းအနား)
၉း၃၀ အားကစားမြင်ကွင်းစုံ [မင်းဦး၊ ထွန်းထွန်းဝင်း(ရတနာပုံနှင့် မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်း)၊ ဝေမင်းမောင်]
၁၀း၀၅ သွေးချင်းတို့မြေ ချင်းဌာနေ
၁၀း၂၀ ဓာတ်ပုံထဲမှအမှတ်တရများ (ပန်းဖြူ)
၁၀း၅၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ "ယောက္ခမရဲ့ကျေးဇူးတော် ရိုက်ကွင်းအမှတ်တရ"
၁၁း၂၀ သင်ယူလေ့လာဂီတပညာ (Compound Chords) (Part-10)
၁၁း၃၅ MRTV-4 ကာတွန်းအစီအစဉ်
၁၂း၀၅ Industrial Talk [ဒေါက်တာတိုးအောင်၊ ဒေါက်တာတင်အောင်ရွှေ (သုတေသီ)]
၁၂း၄၀ အ. ထ. က(၂)ဒဂုံ(မြို့မ) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ
၁း၀၀ "ဘဝ၏အပိုင်းအစများ" တရားတော် [ဘဒ္ဒန္တစန္ဒသေန (သုညတမွေဆရာတော်)]
၂း၀၀ MRTV-4 သတင်း
၂း၂၀ စကားနပန်း (မနာလိုဖြစ်တာကောင်းတယ်၊ မနာလိုမဖြစ်တာကောင်းတယ်)
၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၁၆)**
၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၃၃)**
၄း၄၀ Activities In The City (ကူးစက်ရောဂါနှင့် နာတာရှည်ရောဂါဝေဒနာရှင်များအတွက် ကျန်းမာရေးရန်ပုံငွေအစီအစဉ်)
၄း၅၅ စာအုပ်စာပေလူ့မိတ်ဆွေ (လက္ခဏာပညာဖြင့် အိမ်ထောင်ဖက်ကောင်းရွေးချယ်နည်း)
၅း၁၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၅း၄၅ ခနေဖြူမြို့ရဲ့အထင်ကရနေရာများဆီသို့ အလည်တစ်ခေါက်
၆း၀၀ MRTV-4 သတင်း
၆း၂၀ သင်ကြားရေးလမ်းညွှန် (Better Life Education & Career Supporting Centre)
၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၁၇)**
၇း၂၅ Emperor Love Concert (Part-3)
၈း၀၀ MRTV-4 သတင်း
၈း၃၀ ပြုံးပျော်ကျန်းမာကလေးတို့ကမ္ဘာ
၉း၁၀ Celebrity Style (L လွန်းဝါ)
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၃၄)**
၁၀း၁၀ Cartoon Show Time (DESPICABLE ME)
၁၀း၄၅ အရိုးအကြောအဆစ်များ ပြန်လည်သန်စွမ်းစေမည်နှင်းဆီ
၁၁း၀၅ နေချင်စဖွယ်အိမ်အလှဆင်ကြမယ် (ကျော်ကြားသူတို့နားခိုရာ- Bolly Wood Star စန္ဒာဝင်း)
၁၁း၃၀ ရင်သွေးအတွက်သတိတစ်ချက် (ညောင်ညောင်၊ မေသဉ္ဇာဦး၊ ဆုရွှန်းလဲ့၊ ဒေါ်နှင်းဆီ၊ ခေတ်ရူပါဦး) (ဒါရိုက်တာ-ဆွေဇင်ထိုက်)
၁၁း၄၀ ငွေဆောင်ဒေသရဲ့ သရက်တောထိုးမုန့်
၁၁း၅၀ World of Knowledge (Inside; Mumbai Terror Attack)
၁၂း၄၀ ဒွါရာဝတီ၏အနုပညာ. . . ဝါးရက်ကန်းလက်ရာ
၁၂း၅၀ မြင့်မြတ်စိတ်ထား ALKI-KEN အားကစား
၁း၂၀ ဆီထွက်သီးနှံများထဲမှ "ဆီအုန်း"
၁း၃၅ ပြင်ဦးလွင်မှ Feel စားသောက်ဆိုင်သို့အလည်တစ်ခေါက်
၂း၀၀ မြင်သုံးမြင်မှ ထူးခြားရှေးဟောင်းလက်ရာပစ္စည်းများ
၂း၁၀ ကြည်နူးစရာလက်ဆောင်အဖြာဖြာ (Royal Floral)
၂း၂၅ Orchard Families (အပိုင်း-၂)
၂း၃၅ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (အင်းလေးဒေသရဲ့ထူးခြားတဲ့ငါး "ငါးဖိန်း")
၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၀ ဖိတ်ခေါ်ပါသည် ဖွံ့ဖြိုးဝေစည် ညောင်ကျိုးမြို့ဆီ
၄း၁၅ သုဝဏ္ဏဘူမိမြို့ဟောင်းမှ ကြည်ညိုဖူးမြော် ကျိုက်တလန်းစေတီတော်
၄း၄၅ ပုခန်းကြီးရှေးဟောင်းကျောင်းတော်ကြီး
၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကြောင့် မြန်မာ့ ဆန်စပါးထုတ်လုပ်မှုအပေါ် သက်ရောက်နိုင်မည့် အခြေအနေများနှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကြောင့် မြန်မာ့ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှုအပေါ် သက်ရောက်နိုင်မည့် အခြေအနေများနှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန (IRRI) တို့ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကြောင့် မြန်မာ့ဆန်စပါးထုတ်လုပ်မှုအပေါ် သက်ရောက်နိုင်မည့် အခြေအနေများနှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်၊ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမြင့်သိန်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ တာဝန်ရှိသူများ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ကိုယ်စားလှယ်၊ INGOs နှင့် ပုဂ္ဂလိကအဖွဲ့အစည်းများမှ ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရေးနှင့် စပ်လျဉ်းသည့် ပညာရှင်များ၊ ဖိတ်ကြားထားသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန(IRRI)မှပညာရှင် Mr. David Johnson က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် နံနက်ပိုင်းစာတမ်းဖတ်ပွဲအစီအစဉ်များကို စတင်ကျင်းပရာ မြန်မာနိုင်ငံစိုက်ပျိုးရေး၊သစ်တော၊မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ဥက္ကဋ္ဌဒေါက်တာမြင့်သိန်းက သဘာပတိအဖြစ် ဆောင်ရွက်သည်။

အစီအစဉ်အရ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန (IRRI)မှ ပညာရှင်Mr. David Johnson က ရာသီဥတုပြောင်းလဲမှုကြောင့် ဆန်စပါး စိုက်ပျိုးသော ဒေသပတ်ဝန်းကျင်တွင် သက်ရောက်မှုများ စာတမ်း၊ စိုက်ပျိုးရေး သုတေသနဦးစီးဌာနမှ ဒေါက်တာ ဒေါ်စုစုဝင်းက နိုက်ထရိုဂျင်သုံးစွဲမှု အနည်းငယ်ဖြင့် သင့်တင့်သော အထွက်ကို ပေးနိုင်သည့် စပါးမျိုးများ ရှာဖွေခြင်းမှ တစ်ဆင့် ဖန်လုံအိမ်ဓာတ်ငွေ့များထွက်ရှိမှု လျော့နည်းခြင်းတိုင်းတာမှု သုတေသနများ ဆက်လက်ဆောင်ရွက်ရန် မျှော်မှန်းခြင်းစာတမ်း၊ အပြည်ပြည်ဆိုင်ရာ ဆန်စပါး သုတေသနဌာန (IRRI) မှ ပညာရှင် Dr. Abdelbagi Ismail က ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိစေမည့် စပါးမျိုးဗီဇများစာတမ်း၊ စိုက်ပျိုးရေး သုတေသနဦးစီးဌာနမှ ဒေါ်တင်တင်မြင့်က မြန်မာနိုင်ငံ၏ ရာသီဥတုပြောင်းလဲလာမှုအတွက် စပါးမျိုးသစ်များမွေးမြူထုတ်လုပ်ခြင်းစာတမ်း၊ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန (IRRI) မှ ပညာရှင် Dr. Rubenito Lampayan က ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိစေမည့် ရေအသုံးချမှုဆိုင်ရာ စီမံခန့်ခွဲခြင်းစာတမ်းနှင့် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာနမ်းဆိုင်ဟွမ်က ရေသွင်းစပါးခင်းမှ မီသိန်းဓာတ်ငွေ့ထုတ်လုပ်မှုပမာဏ လေ့လာတိုင်းတာခြင်းစာတမ်းတို့ကို ဖတ်ကြားတင်သွင်းကြကာ အပြန်အလှန် မေးမြန်း ဆွေးနွေးကြပြီး ဆွေးနွေးပွဲကို ခေတ္တရပ်နားသည်။

အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန(IRRI) မှ ပညာရှင် Mr. David Johnson **နှုတ်ခွန်းဆက် စကားပြောကြားစဉ်။**

(သတင်းစဉ်)

ယင်းနောက် မွန်းလွဲပိုင်းအစီအစဉ်များကို ဆက်လက်ကျင်းပရာ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ကထိက ဒေါက်တာဦးမြင့်သောင်းက သဘာပတိအဖြစ် ဆောင်ရွက်သည်။

ရှေးဦးစွာ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန (IRRI)မှ ပညာရှင် Mr. David Johnson က ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိစေမည့် သီးနှံပုံစံစာတမ်း၊ စိုက်ပျိုးရေး သုတေသနဦးစီးဌာနမှ ဒေါက်တာ ဒေါ်ခင်မာဌေးက စပါးမျိုးများ၏ ကွဲပြားခြားနားသော ရေစိုတစ်လှည့် ခြောက်တစ်ခါစနစ်အပေါ် တုံ့ပြန်မှုစာတမ်း၊ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန(IRRI)မှ ပညာရှင်Dr. Grant Singleton က ရာသီဥတုပြောင်းလဲမှုနှင့် သီးနှံဖျက်ပိုးဆိုင်ရာ စီမံခန့်ခွဲခြင်းစာတမ်းနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဒေါက်တာရဲတင့်ထွန်းက အောက်မြန်မာပြည် စပါးမျိုးကွဲများ၏ အောင်စေ့ဖြစ်ထွန်းမှုအပေါ် အပူချိန်ပြောင်းလဲမှု၏ အကျိုးသက်ရောက်မှု စာတမ်းတို့ကို ဖတ်ကြားတင်သွင်းကြပြီး စာတမ်းများနှင့် စပ်လျဉ်း၍ အပြန်အလှန် မေးမြန်း ဆွေးနွေးကြကာ ပထမနေ့ ဆွေးနွေးပွဲ အစီအစဉ်များ ရပ်နားသည်။

အဆိုပါဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၅ ရက်နှင့် ၁၆ ရက် နှစ်ရက်ကျင်းပမည်ဖြစ်ပြီး ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကြောင့် မြန်မာ့ဆန်စပါးထုတ်လုပ်မှုအပေါ် သက်ရောက်နိုင်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာမှ ပညာရှင်များနှင့် မြန်မာ့ဆန်စပါး ကျွမ်းကျင်ပညာရှင်များအကြား အပြန်အလှန် အကြံဉာဏ်များနှင့် အတွေ့အကြုံ ပညာရပ်များ ယှဉ်တွဲဖလှယ်နိုင်ရန် ကျင်းပခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အလယ်ပိုင်းဒေသများ ညအပူချိန်အနည်းငယ်တိုးလာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့နှင့် ဟဲဟိုးမြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီနှင့် နမ့်စန်မြို့တွင် ၅ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဖေဖော်ဝါရီ ၁၆ ရက် ညနေထိခန့်မှန်းချက်။ ။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာဖွယ်ရာရှိပြီး တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

အမျိုးသားအဆင့် မုတ်သုံဖိုရမ်ဆွေးနွေးပွဲ ကျင်းပ

အမျိုးသားအဆင့် မုတ်သုံဖိုရမ် ဆွေးနွေးပွဲကို နေပြည်တော်ရှိ အမရာ ဟိုတယ်ခန်းမ၌ ကျင်းပစဉ်။

(သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် အမျိုးသားအဆင့် မုတ်သုံဖိုရမ်ဆွေးနွေးပွဲကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ အမရာဟိုတယ်ခန်းမ၌ ကျင်းပရာ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ငွေနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr. Shin Imai နှင့် တာဝန်ရှိသူများ၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် သက်ဆိုင်သော အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ၊ မိုးလေဝသနှင့် ဇလဗေဒပညာရှင်များ၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ စိုက်ပျိုးရေးကျွမ်းကျင်သူကိုယ်စားလှယ်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ် ဦးတင်ငွေကကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr. Shin Imaiက အမှာစကားပြောကြားသည်။

ယင်းနောက်အရှေ့တောင်အာရှဒေသတွင်း နိုင်ငံများ၏ မုတ်သုံဖိုရမ်လုပ်ငန်းစဉ်များ၊ မြန်မာနိုင်ငံ၏ မိုးလေဝသနှင့် ရာသီဥတုဖြစ်စဉ်များ၊ မြန်မာနိုင်ငံ၏ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ဝန်ဆောင်မှုလုပ်ငန်းစဉ်များနှင့် ထုတ်ပြန်ချက်များ၊ ၂၀၁၀ခုနှစ် မုတ်သုံရာသီအတွက် ခန့်မှန်းချက်များအား ပြန်လည်သုံးသပ်ခြင်းနှင့် ၂၀၁၀ ခုနှစ်အတွင်း စိုက်ပျိုးရေး မိုးလေဝသအခြေအနေ သုံးသပ်ချက်များကို စာတမ်းရှင်များက ဖတ်ကြားတင်ပြကြရာ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများကဝိုင်းဝန်းသုံးသပ် အကြံပြုဆွေးနွေးကြသည်။

ယခုကျင်းပသည့် မုတ်သုံဖိုရမ်တွင် ၂၀၁၁ခုနှစ် မိုးရာသီကာလအတွင်း ထုတ်ပြန်ခဲ့သော မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်များကို ပြန်လည်သုံးသပ်၍ ခန့်မှန်းချက်များ၏ မှန်ကန်မှုအရည်အသွေးများ ဆန်းစစ်ခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဒေသအလိုက်လိုအပ်ချက်များကို ပိုမိုထိရောက်သော မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်များ ထုတ်ပြန်နိုင်ရန် လိုအပ်သည်များကို တက်ရောက်လာကြသည့် ပညာရှင်များနှင့် ဆွေးနွေးညှိနှိုင်းကာ လာမည့် မုတ်သုံရာသီအတွက် ယေဘုယျမိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်များကို လက်ရှိဖြစ်ပေါ်နေသော လာနီညာအခြေအနေများအား ထည့်သွင်းသုံးသပ်ချက်ထုတ်ပြန်နိုင်မည့် အခြေအနေများကို ဖေဖော်ဝါရီ ၁၆ ရက်အထိ ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သာကေတ၊ တာမွေ၊ ကော့သောင်းနှင့် အေးသာယာမြို့တို့၌ မီးလောင်မှုများဖြစ်ပွား

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ရန်ကုန်မြို့ သာကေတမြို့နယ် (၁၀) တောင်ရပ်ကွက်အတွင်း ရှုခင်းသာလမ်းရှိ နေအိမ်တစ်အိမ်၌ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၉ရက် ညနေ ၅ နာရီ ၁၅မိနစ်ခန့်တွင် ဖယောင်းတိုင်မီးမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် မီးလောင်ချိန် ၁၅မိနစ်အတွင်း နေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ ထို့အတူ ဖေဖော်ဝါရီ ၁၀ ရက် မွန်းလွဲပိုင်းတွင် တာမွေမြို့နယ် မလွှကုန်းဌေးကြွယ် (က)ရပ်ကွက် သမိန်ဗရမ်းလမ်း လဝွန်းအိမ် တံတားအနီး လမ်းဘေးရှိ တရားမဝင်ဓာတ်ဆီဆိုင်တစ်ဆိုင်၌ဓာတ်ဆီထည့်နေစဉ် မီးလောင်ကျွမ်းမှုဖြစ်ပွားသဖြင့် ယာယီအမိုးပါတဲယ်တစ်လုံးနှင့် ဓာတ်ဆီအနည်းငယ် မီးလောင်ဆုံးရှုံးခဲ့ကြောင်းသိရသည်။

အလားတူ ဖေဖော်ဝါရီ ၁၀ ရက် ည ၆ နာရီခွဲခန့်တွင် ကော့သောင်းမြို့ အဏ္ဏဝါရပ်ကွက်ကမ်းနားလမ်းရှိ နေအိမ်တစ်အိမ်၌ ဝါယာရှော့မှတစ်ဆင့် မီးကူးစက်လောင်ကျွမ်းပြီး နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ ထို့အပြင် ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၀၀ နာရီ ၁၅ မိနစ်ခန့်တွင် တောင်ကြီးမြို့နယ် အေးသာယာမြို့ စက်မှုဇုန် သံရည်ကျိုစက်ရုံအတွင်း၌ လျှပ်စစ်ဝါယာရှော့မှတစ်ဆင့် မီးကူးစက်လောင်ကျွမ်းပြီး အဆောက်အအုံတစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ပေါ်ဆမီး၊ လျှပ်စစ်ဝါယာရှော့မှ တစ်ဆင့်လောင်သောမီးများ ဖြစ်ပွားမှုမရှိစေရေး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်စစ်ဆေးခြင်း၊ မီးကြွင်းမီးကျန်များ မကျန်ရှိစေရေးစစ်ဆေးခြင်း ဆောင်ရွက်ကြရန် မီးသတ်ဦးစီးဌာနက မီဒီယာများ၊ သရုပ်ပြပွဲများမှတစ်ဆင့် နှေ့စဉ်နှိုးဆော်သတိပေးလျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြောင်မြို့နယ်တွင် လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းအလုပ်ရုံဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် မြေစာရင်းဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်း၏ နောက်ဆက်တွဲစာရင်း ကောက်ယူခြင်း၊ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၁၀ နာရီတွင် မြို့နယ်မြေစာရင်း ဦးစီးဌာနရုံးခန်းမ၌ကျင်းပရာ စစ်ကိုင်းခရိုင်မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးအောင်မြင့်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးသက်နိုင်ဦးတို့က အဖွင့်အမှာစကားပြောကြားကြပြီး မြို့နယ်မြေစာရင်းဌာနဦးစီးမှူး ဦးကိုကိုက စာရင်းကောက်ယူမည့် လုပ်ငန်းအဆင့်ဆင့်နှင့် နည်းစနစ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂ ရက်မှ ဖေဖော်ဝါရီ ၈ရက် အထိကျင်းပခဲ့ပြီး မြေစာရင်းဝန်ထမ်း ၉၃၅ ဦးတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မီး

သတိပြု

ပိတ်ဆို့မှု ရှင်းတမ်း

ရန်ကြီးအောင်

(ယမန်နေ့မှအဆက်)

ပိတ်ဆို့မှု၏ ထိရောက်မှု

မြန်မာနိုင်ငံအပေါ် အနောက်အုပ်စု၏ ပိတ်ဆို့မှုများသည် သာမန်မြန်မာလူထုအပေါ် ထိုက်သင့်သလောက် ထိခိုက်မှုရှိခဲ့ကြောင်း၊ သို့သော် နိုင်ငံစီးပွားရေး ဗုန်းဗုန်းလဲမကျသွားဘဲ ပြန်လည်နာလန်ထူလာခဲ့သည်မှာ နိုင်ငံတော်အစိုးရနှင့် ပြည်သူလူထု၏ ကျားကုတ်ကျားခဲ ကြိုးပမ်းအားထုတ်မှု၊ နိုင်ငံ၏သယံဇာတ တောင့်တင်းမှု၊ ပတ်ဝန်းကျင် ဒေသတွင်းနိုင်ငံများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ဖွံ့ဖြိုးလာမှုတို့ကြောင့်ဖြစ်ကြောင်း တင်ပြခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ ပိတ်ဆို့မှုကြောင့် အနောက်အုပ်စုက မျှော်လင့်ထားသည့် ရည်မှန်းချက်များကို မည်မျှထိရောက်စွာ ဖော်ဆောင်နိုင်ခဲ့သည်ဟူသော ထိရောက်မှုအပိုင်းကို ဆွေးနွေးတင်ပြသွားလိုပါ၏။

အနောက်အုပ်စု၏ မြန်မာနိုင်ငံအပေါ် ပိတ်ဆို့မှုများသည် အဓိကအားဖြင့် မြန်မာနိုင်ငံ၌ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီ တိုးတက်ပြောင်းလဲမှုများကို ဖော်ဆောင်လာစေရန်နှင့် မြန်မာပြည်သူများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်သည်ဟု ဆိုပါသည်။ ဤကား ထုတ်ပြန်ကြေညာ ပြောဆိုလေ့ရှိသော ရည်ရွယ်ချက်များဖြစ်ပါ၏။

သို့သော် နိုင်ငံခြားရေးဝါဒတို့၏ထုံးစံအတိုင်း နောက်ကွယ်မှ တိုးတိုးတိတ်တိတ်ရည်ရွယ်ချက်၊ ရည်မှန်းချက်များလည်း ရှိနိုင်ပါသည်။ ယင်းရည်မှန်းချက်မှာလည်း နိုင်ငံကို ထိန်းမနိုင်သိမ်းမရ ချောက်ထဲသို့ ကျစေပြီးမှ လက်ရှိမြန်မာအစိုးရ၏နေရာတွင် ၎င်းတို့လိုလားသည့် နိုင်ငံရေးအင်အားစုကို အစားထိုးပြောင်းလဲစေလိုသည့် Regime Change မူဝါဒ ဖြစ်ဖွယ်ရှိကြောင်းမှာလည်း **“မပြေးသော်ကန်ရာရှိ”** ဆိုသကဲ့သို့ ကျယ်ကျယ်ပြန့်ပြန့် နားလည်ထားကြသည့် ကိစ္စတစ်ရပ်ဖြစ်ပါသည်။

ဥပမာအားဖြင့် ပိတ်ဆို့မှုလုပ်ရပ်များတွင် အဓိက ဦးစီးဦးဆောင်ဖြစ်နေသော အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံအား အဘက်ဘက်မှ လှုပ်မရအောင် နည်းလမ်းမျိုးစုံဖြင့် တမင်သက်သက် ထိုးနှက်ပိတ်ဆို့ထိန်းချုပ်မှုများကိုကြည့်ပါက မြန်မာပြည်သူတစ်ရပ်လုံးကို ဆင်းရဲခြင်းနွံတွင်း၌ အလူးလူးအလိမ့်လိမ့် ခေါင်းမဖော်နိုင်အောင် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ပေါ်လွင်လှပါသည်။

အမေရိကန်အစိုးရသည် မြန်မာနိုင်ငံအပေါ် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီရေး အကြောင်းပြချက်များဖြင့် တရားဝင်ပိတ်ဆို့မှုကို ၁၉၉၇ ခုနှစ်တွင် စတင်လုပ်ဆောင်ခဲ့ပါသည်။ ထိုစဉ်က ပိတ်ဆို့မှုပြဋ္ဌာန်းရာတွင် ၁၉၇၇ ခုနှစ် နိုင်ငံတကာ အရေးပေါ်စီးပွားရေး အာဏာများဆိုင်ရာအက်ဥပဒေ (The International Emergency Economic Powers Act of 1977-IEEPA) ကို အသုံးပြု၍ ပိတ်ဆို့ခဲ့ခြင်းဖြစ်၏။ IEEPA ဥပဒေအရ အမေရိကန်နိုင်ငံ၏ အမျိုးသားလုံခြုံရေး၊ နိုင်ငံခြားရေးမူဝါဒနှင့် စီးပွားရေးကို ပုံမှန်မဟုတ်ဘဲ ထူးထူးကဲကဲ ခြိမ်းခြောက်မှုရှိသည်ဟု အမေရိကန်သမ္မတက ယုံကြည်ဆုံးဖြတ်ပါက အမျိုးသားအရေးပေါ်အခြေအနေတစ်ရပ်ကို ကြေညာပြီးလျှင် ထိုသို့ခြိမ်းခြောက်လာသည့်နိုင်ငံအပေါ် ပိတ်ဆို့မှုများ ပြုလုပ်နိုင်သည်ဟုဆိုသည်။

ယင်းဥပဒေနှင့်အညီ ၁၉၉၇ ခုနှစ် မေလမှစ၍ သမ္မတ ဘီလ်ကလင်တန်မှ အစပြုသော အမေရိကန်သမ္မတအဆက်ဆက်သည် နှစ်စဉ်နှစ်တိုင်း တစ်နှစ်တစ်ကြိမ် မေလသို့ရောက်လေတိုင်း အမျိုးသားအရေးပေါ်အခြေအနေကို ထုတ်ပြန်လျက် **“မြန်မာနိုင်ငံသည် အမေရိကန်၏ အမျိုးသားလုံခြုံရေး၊ နိုင်ငံခြားရေးမူဝါဒနှင့် စီးပွားရေးကို ‘ထူးထူးခြားခြား’ ထိခိုက်အောင် ခြိမ်းခြောက်နေပါသည်”** ဟု ဆိုကာ ပိတ်ဆို့မှုများကို ဆက်လက်လုပ်ဆောင်နေခဲ့ရာ လက်ရှိသမ္မတ မစ္စတာ အိုဘားမား လက်ထက်သို့တိုင်ပင် ဖြစ်ပါ၏။

ဤနေရာ၌ စဉ်းစားမိသည်မှာ **“မည်သူက မည်သူ၏ အမျိုးသားလုံခြုံရေး၊ နိုင်ငံခြားရေးနှင့် စီးပွားရေးကို ထူးထူးခြားခြား ခြိမ်းခြောက်ခဲ့ပါသနည်း”** ဟူသော ကိစ္စဖြစ်ပါ၏။

သာမန်လူတို့၏ အမြင်ဖြင့်ပင် နှစ်နိုင်ငံအကြား အင်အားနှိုင်းယှဉ်ကြည့်ပါက လူဦးရေ သန်း ၅၀ ကျော်သာရှိ၍ စီးပွားရေးအရလည်း ဖွံ့ဖြိုးမှုအနည်းဆုံးစာရင်း၌ ပါဝင်ဆဲဖြစ်သော မြန်မာနိုင်ငံသည် လူဦးရေ သန်း ၃၀၀ ရှိကာ ကမ္ဘာပေါ်၌ စီးပွားရေးအင်အား အတောင့်တင်းဆုံး၊ စစ်ရေးအရလည်း ကမ္ဘာ့ကာကွယ်ရေးအသုံးစရိတ် စုစုပေါင်း၏ ထက်ဝက်ကို တစ်နိုင်ငံတည်းသုံးစွဲပိုင်ဆိုင်ထားသည့် မဟာအင်အားကြီး အမေရိကန်နိုင်ငံကို မည်သို့မည်ပုံ ထူးထူးခြားခြား ခြိမ်းခြောက်နေသည်ဟု ဆိုနိုင်ပါသနည်း။

လက်တွေ့၌မူ မြန်မာနိုင်ငံတွင် ၁၉၈၈ ခု အရေးအခင်းကာလအတွင်း မြန်မာပိုင်နက် ပင်လယ်ပြင်အစပ်၌ လေယာဉ်တင်သင်္ဘောအုပ်စုကြီးတစ်စုဖြင့် ရောက်ရှိစောင့်ဆိုင်းနေကာ လိုအပ်လျှင် ကမ်းတက်စစ်ဆင်နိုင်ရေးအတွက် ကမ်းထိုးရေယာဉ်များ အတင်အချ လေ့ကျင့်နေသည်မှာ အမေရိကန်သာ ဖြစ်ပါ၏။

၂၀၀၈ ခုနှစ် မေလဆန်းတွင် ဂြိုဟ်တုသတင်းများမှတစ်ဆင့် မြန်မာနိုင်ငံသို့ အင်အားအလွန်ပြင်းထန်သော နာဂစ်ဆိုင်ကလုံးမုန်တိုင်းကြီး ဦးတည်ဝင်ရောက်လာနေသည်၊ ထိုမုန်တိုင်းကြီးကြောင့် မြန်မာပြည်သူအများအပြား သေကျေပျက်စီး ဒုက္ခကြီး ရင်ဆိုင်ရတော့မည်ကို သိပါလျက် မြန်မာနိုင်ငံသည် အမေရိကန်လုံခြုံရေး၊ စီးပွားရေးကို ထူးထူးခြားခြား ခြိမ်းခြောက်နေပါသည်ဟုဆိုကာ ပိတ်ဆို့မှုအမိန့်ကို ထပ်မံလက်မှတ်ရေးထိုးခဲ့သည်မှာလည်း အမေရိကန်သမ္မတကြီးတစ်ဦးပင်ဖြစ်ပါ၏။

ထိုသို့ ပိတ်ဆို့ခဲ့မှုကြောင့် အမေရိကန်နိုင်ငံအတွင်းရှိ လူမှုရေး ပရဟိတ NGO များအနေဖြင့် မြန်မာနိုင်ငံသို့ သွားရောက်၍ ကယ်ဆယ်ရေးနှင့် လူသားချင်းစာနာမှုအကူအညီများပေးအပ်ရန် မဖြစ်နိုင်လောက်အောင် ခက်ခဲသွားစေခဲ့သည်။ သို့သော် တစ်ဖက်တွင်မူ မြန်မာနိုင်ငံ၏ လေမုန်တိုင်းဒဏ်သင့်ဒေသများ၌ ကယ်ဆယ်ကူညီရေးအတွက် မြန်မာ့ရေပြင်အတွင်းသို့ အမေရိကန်စစ်သင်္ဘောများ ဝင်ခွင့်မပေးရကောင်းလားဟုဆိုကာ မြန်မာအစိုးရကို အကြီးအကျယ် အပြစ်တင်ခဲ့သည်။

သို့သော် အမေရိကန်ပြည်တွင်း၌ အထိအနာဆုံး ကက်ထရီနာ ဟာရီကိန်းမုန်တိုင်းဒဏ်သင့်ကာလ၌ပင် ရုရှားရေတပ်၏ အကူအညီနှင့် ကျူးဘားနိုင်ငံ၏ အကူအညီကမ်းလှမ်းချက်ကို လက်မခံခဲ့သည့်အပြင် မိမိ၏ ရေတပ်အင်အားကိုပင် အသုံးမပြုခဲ့သော အမေရိကန်အစိုးရသည် ၎င်းတို့၏ အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်နေပါသည်ဟု ဆိုသည့် မြန်မာနိုင်ငံ၏ ရေဘေးကာလတွင်ကျမှ **‘ကစ်တီဟော့ခ်’** လေယာဉ်တင်စစ်သင်္ဘောကြီးအပါအဝင် လေယာဉ်တင်စစ်သင်္ဘောကြီးနှစ်စင်းကို ဖျက်သင်္ဘော၊ တိုက်သင်္ဘောများခြံရံလျက် မြန်မာ့ကမ်းရိုးတန်းရေပြင်အတွင်းသို့ အတင်းဝင်ရောက် **‘ကူညီ’** လိုခြင်းမှာ မည်သို့သော **‘စေတနာ’** ဖြစ်ပါသနည်း။ ထိုကာလကျမှ **‘R2P’** ခေါ် **“Right to Protect”** ဒုက္ခရောက်နေသူများကို လူမှုရေးအရ **‘အတင်းဝင်ရောက်’** ကာကွယ်ခွင့်ရှိသည်ဟု ကျယ်ကျယ်လောင်လောင် ပြောလာကြခြင်းမှာ မည်သည့်ရည်ရွယ်ချက် ဖြစ်ပါသနည်း။

ထို့ကြောင့်လည်း စင်စစ်အားဖြင့် IEEPA ဥပဒေဖြင့် အရေးပေါ်အခြေအနေကြေညာသူနှင့် ကြေညာခြင်းခံရသူ နိုင်ငံနှစ်နိုင်ငံမှာ နေရာချင်းများ လွဲနေရော့လေသလားဟုသာ ရိုးရိုးသားသား ထင်မိပါသည်။

ထပ်မံ၍ စဉ်းစားကြည့်မည်ဆိုလျှင် မြန်မာနိုင်ငံသည် မင်းတုန်းမင်းတရားကြီးလက်ထက် ၁၈၅၇ ခုနှစ်တွင် **“၂ တိုင်း ၂ ပြည်ရာဇမဟာမိတ်ဖြစ်ကြရလျှင် သားတော်အစဉ်၊ မြေးတော်အဆက်၊ မြစ်တော်အညွန့် အခွန့်ရှည်စွာ ကုန်သည်၊ ဆင်းရဲသား၊ ကျွန်တော်မျိုးတို့ အကျိုးများစွာရှိမည်ကို သဘောထား၍ အမရိကံမင်းထံ မဟာမိတ်ဖြစ်ကြရအောင်”** ချစ်ကြည်ရေးသဝဏ်လွှာပို့ကာ နှစ်နိုင်ငံ တရားဝင်ဆက်ဆံရေး စတင်ခဲ့ချိန်မှစ၍ အမေရိကန်နိုင်ငံဘက်သို့လှည့်၍ အပ်တိုတစ်ချောင်းဖြင့်ပင် ချိန်ရွယ်ဖူးသည်ဟူ၍ မရှိခဲ့။ အမေရိကန်အစိုးရကသာ ၁၉၅၀ ပြည့်လွန်နှစ်များတွင် မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကျူးကျော်လာသည့် ကူမင်တန်တရုတ်ဖြူတပ်များအား ပြောင်ပြောင်တင်းတင်း အားပေးကူညီခဲ့သည်။ အမေရိကန်လေကြောင်းလိုင်းအမည်ခံ စီအိုင်အေပိုင် စစ်သုံးကုန်တင်လေယာဉ်ကြီးနှင့် မြန်မာ့တပ်မတော်(လေ)မှ ကြားဖြတ်တိုက်လေယာဉ်တို့ အရှေ့တောင်အာရှတွင် စစ်ပြီးခေတ်၌ ပထမဆုံးနှင့် တစ်ခုတည်းသော လေကြောင်းတိုက်ပွဲဖြစ်ပွားကာ ရန်သူလေယာဉ်ကို ပစ်ချနိုင်ခဲ့သကဲ့သို့ မြန်မာဘက်မှ လေသူရဲ ဗိုလ်ပီတာလည်း နိုင်ငံအတွက် အသက်ပေးလှူခဲ့ရသည်။ သို့ရာတွင် မြန်မာအစိုးရအနေဖြင့် **“ချစ်စကို ရှည်စေ၊ မုန်းစကိုတိုစေ”** ဟူသော သဘောထားဖြင့်သာ ဘက်မလိုက်မူဝါဒဖြင့် နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံခဲ့သကဲ့သို့ အမေရိကန်နိုင်ငံနှင့်လည်း ပုံမှန်ဆက်ဆံရေးထားရှိခဲ့သည်သာ ဖြစ်ပါ၏။

သို့ပါလျက် အမေရိကန်နှင့် ၁၉၆၂ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ စစ်ပွဲကြီးဖြစ်ပွားခဲ့သော ဗီယက်နမ်နိုင်ငံနှင့် လည်းကောင်း၊ ၂၀၀၁ ခုနှစ် ၉/၁၁ အကြမ်းဖက်လုပ်ရပ်တွင် အမေရိကန်ရှိ အရေးပါသော အဆောက်အအုံကြီးများကို အပိုင်စီးထားသောလေယာဉ်များဖြင့် အသေခံထိုးချတိုက်ခိုက်ကာ အမေရိကန်ပြည်သူပေါင်း သုံးထောင်ကျော် သေကျေပျက်စီးအောင် တိုက်ခိုက်ရာ၌ တိုက်ခိုက်သူ အကြမ်းဖက်သမားများတွင် အများစုပါဝင်သည့် ဆော်ဒီအာရေဗျနိုင်ငံနှင့် လည်းကောင်း ချစ်ခင်ရင်းနှီးစွာ မဟာမိတ်ဖွဲ့ ဆက်ဆံနိုင်ပါသော်လည်း အမေရိကန်နိုင်ငံ၏ လုံခြုံရေးကို ထိပါးအောင် လုပ်နိုင်စွမ်းလည်းမရှိ၊ လုပ်ဖူးသည့်ရာဇဝင်လည်းမရှိ၊ လုပ်ရန်လည်း ရည်ရွယ်ချက်မရှိသည့် မြန်မာနိုင်ငံကို အဘယ်ကြောင့် ထူးခြားသော

မြန်မာအစိုးရအနေဖြင့်ကား အနောက်အုပ်စု၏ ဖိအားပေးပိတ်ဆို့မှုများ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးနှင့် လူ့အခွင့်အရေး ဖွံ့ဖြိုးတိုးတက်ရေး အတွက် စနစ်တကျ လုပ်ငန်းစဉ်များ ချမှတ်ကာ မှန်မှန်ကြီးချီတက်လာခဲ့ရာ ယခုအခါ ရှေ့လုပ်ငန်းစဉ်(၇)ရပ်တွင် နောက်ဆုံးအဆင့် ပန်းတိုင်ဖြစ်သော ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားသည့် အစိုးရအဖွဲ့ထံ နိုင်ငံတော်၏တာဝန်များကို လွှဲပြောင်း ပေးအပ်နိုင်ရန် ပြည်ထောင်စုလွှတ်တော် ခေါ်ယူလုပ်ဆောင်နေပြီဖြစ်။

လုံခြုံရေးခြိမ်းခြော
သနည်းဆိုသည်မှ
နားမလည်နိုင်အေ
အလားတူပေ
ထုတ်ပြန်လေ့ရှိသေ
သရော ပူးပေါ
အမေရိကန်သို့
အမေရိကနိုင်ငံအ
နေသော အာဖဂန်
ချန်ထားကာ ဘိ
ဆောင်ရွက်နိုင်ခဲ့
ထားခဲ့ခြင်းမှာလည
ထိုမျှမကသေ
အောင် အမှန်တ
အတိုင်း သတင်း
ဆိုင်ရာ အရာရှိတ
ဖိအားပေးကြသည
ဖမ်းယူထောက်လှ
ပြန်ရောက်ရာတွင
ပြန်၍တရားစွဲရာ
အကြောင်းအမျိုး
မရသောအခါ
ကျေအေးစေခဲ့
မူးယစ်ဆေးဝါးတို
လုပ်ဆောင်နေ
အထက်ဖော်
ကောက်ချက်ချရ
အနောက်အုပ်စု
‘ဒီမိုကရေစီရေး’
တပ်မတော်အစိုး
နိုင်ငံရေးရည်ရွယ
လက်နက်ကိုရိယာ
မာမာ ဖော်ထုတ်
ထိုသို့ ‘နိုင်
သမျှမှာ နိုင်ငံရေး
မည်မျှအကောင်း
အမျိုးမျိုးအဖုံဖုံ
တည်ဆောက်ရေး
အရှိန်အဟုန်ဖြင့်
စီးပွားရေး၊ နိုင်ငံ
မည်သူမျှ ငြင်းနိုင
အုပ်စု၏ တစ်ဖက
သည်မှအပ ၎င်း
အပေါ် မည်သို့မျှ
များမှပင် နိုင်ငံခြ
လေ့လာသူ ပညာ
ဖော်ထုတ်ခဲ့ကြပြီး
ရင်ထဲ၌ ရှိ
ပြင်သစ်နိုင်ငံခြ
Couchner) ဖြစ
ပြင်သစ်လွှတ်တော
မြန်မာအစိုးရနှင့
ပြောဆိုခဲ့ပြီး **“ပိတ**
သိထား(အသိအမှ
ပွင့်ပွင့်လင်းလင်း
နော်ဝေ နိုင်င
Stoere)ကလည
ချမှတ်ထားသည့်
(Afterposten)
၁၆ ရက်နေ့(နာ
ခဲ့သည်။

လုံခြုံရေးခြိမ်းခြောက်မှု တစ်ရပ်ဟု ထပ်ပြန်တလဲလဲ သတ်မှတ်နေသနည်းဆိုသည်မှာမူ သာမန်လူရိုးရိုးတို့၏ ဦးနှောက်ဖြင့် စဉ်းစား၍ နားမလည်နိုင်အောင် ရှိရပါသည်။

အလားတူပင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက နှစ်စဉ် ထုတ်ပြန်လေ့ရှိသော **"မူးယစ်ဆေးဝါး တိုက်ဖျက်ရေး၌ အားတက်သရော ပူးပေါင်းလုပ်ဆောင်မှုမရှိသည့် နိုင်ငံများ"** စာရင်း၌ အမေရိကန်သို့ မူးယစ်ဆေးအများဆုံးသွင်းနေသော လက်တင်အမေရိကနိုင်ငံအချို့နှင့် ကမ္ဘာပေါ်၌ ဘိန်း ၉၈ ရာခိုင်နှုန်း ထုတ်လုပ်နေသော အာဖဂန်နစ္စတန်နိုင်ငံတို့အား **"အမျိုးသားအကျိုးစီးပွားအရ"** ချန်ထားကာ ဘိန်းစိုက်ပျိုးမှု သိသိသာသာ လျော့နည်းသွားအောင် ဆောင်ရွက်နိုင်ခဲ့သော မြန်မာနိုင်ငံကို စာရင်း၌ထည့်သွင်း၍ ပိတ်ဆို့ထားခဲ့ခြင်းမှာလည်း **'အံ့ဖွယ်'** တစ်ခုပင် ဖြစ်တော့သည်။

ထိုမျှမကသေး မြန်မာအစိုးရသည် ဘိန်းစိုက်ပျိုးမှု လျော့နည်းအောင် အမှန်တကယ်ထိရောက်စွာ လုပ်ဆောင်ခဲ့သည်ဟု အမှန်အတိုင်း သတင်းပေးပို့ခဲ့သော အမေရိကန် DEA မှ မြန်မာနိုင်ငံဆိုင်ရာ အရာရှိတစ်ဦးကို သံရုံးနှင့် စီအိုင်အေတာဝန်ခံတို့က ဝိုင်း၍ ဖိအားပေးကြသည်။ ၎င်း၏ တယ်လီဖုန်းကို လျှို့ဝှက်စွာ ကြားဖြတ်ဖမ်းယူထောက်လှမ်းခဲ့သည်။ ထိုအရာရှိက အမေရိကန်နိုင်ငံသို့ ပြန်ရောက်ရာတွင် ထိုသို့ လုပ်ဆောင်သူများအား အသရေဖျက်မှုဖြင့် ပြန်၍တရားစွဲရာ၌လည်း နှစ်ပေါင်းများစွာ တရားစွဲ၍မရအောင် အကြောင်းအမျိုးမျိုးဖြင့် ကာဆီးထားခဲ့သည်။ နောက်ဆုံး တား၍မရသောအခါ ဒေါ်လာသုံးသန်းပေး၍ တိုးတိုးတိတ်တိတ် အမှုကျေအေးစေခဲ့ကြောင်း သိရသည်။ စင်စစ်၌ မြန်မာအစိုးရသည် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် အမှန်တကယ် ထိထိရောက်ရောက် လုပ်ဆောင်နေကြောင်း ယင်းတို့က ကမ္ဘာကို အသိမပေးလိုကြပေ။

အထက်ဖော်ပြပါ အချက်အလက် ဖြစ်ရပ်မှန်များကို ပေါင်းခြုံ၍ ကောက်ချက်ချရပါလျှင်မူ အမေရိကန်နှင့် နောက်လိုက်နောက်ပါ အနောက်အုပ်စုတို့က ပိတ်ဆို့နေခြင်းသည် သူတို့ပြောသည့် **'ဒီမိုကရေစီရေး'** နှင့် **'လူ့အခွင့်အရေး'** အကြောင်းပြချက်များထက် တပ်မတော်အစိုးရကိုဖြုတ်ချကာ ကိုယ့်လူကို ကိုယ်တင်လိုသည့် နိုင်ငံရေးရည်ရွယ်ချက်သက်သက်ဖြင့်သာ နိုင်ငံခြားရေးမူဝါဒ၏ လက်နက်ကိရိယာတစ်ရပ်အဖြစ် ကျင့်သုံးခဲ့ခြင်းဖြစ်သည်ဟု ခိုင်ခိုင်မာမာ ဖော်ထုတ်နိုင်ပေလိမ့်မည်။

ထိုသို့ 'နိုင်ငံရေးရည်ရွယ်ချက်' ဖြင့် ဆောင်ရွက်/ပိတ်ဆို့ခဲ့သမျှမှာ နိုင်ငံရေးရည်ရွယ်ချက်အပေါ် မည်မျှထိရောက်ပါသနည်း။ မည်မျှအကောင်အထည်ဖော်နိုင်ပါသနည်း။ မြန်မာနိုင်ငံအနေဖြင့် အမျိုးမျိုးအဖုံဖုံသော ပိတ်ဆို့မှုများ၊ စိန်ခေါ်မှုများအကြားမှပင် နိုင်ငံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို နေ့မအား၊ ညမနား အရှိန်အဟုန်ဖြင့် ကြိုးပမ်းလုပ်ဆောင်လာခဲ့ရာ ယခုအခါ ခိုင်မာသော စီးပွားရေး၊ နိုင်ငံရေးအခြေခံများကို ထူထောင်နိုင်ခဲ့ပြီဖြစ်သည်ကို မည်သူမျှ ငြင်းနိုင်ကြမည်မဟုတ်ပေ။ မြန်မာနိုင်ငံအပေါ် အနောက်အုပ်စု၏ တစ်ဖက်သတ်ပိတ်ဆို့မှုများသည် ပြည်သူများကို ထိခိုက်စေသည်မှအပ ၎င်းတို့မျှော်မှန်းထားရှိသော နိုင်ငံရေးရည်ရွယ်ချက်အပေါ် မည်သို့မျှ ထိရောက်မှုမရှိကြောင်း အနောက်အုပ်စုနိုင်ငံများမှပင် နိုင်ငံခြားရေးဆိုင်ရာတာဝန်ရှိသူများက လည်းကောင်း၊ လေ့လာသူ ပညာရှင်များစွာတို့က လည်းကောင်း လူသိရှင်ကြားဝန်ခံ၊ ဖော်ထုတ်ခဲ့ကြပြီးဖြစ်ပါ၏။

ရင်ထဲ၌ ရှိသည့်အတိုင်း ပွင့်ပွင့်လင်းလင်း ဖော်ထုတ်ခဲ့သူမှာ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဘားနတ်ကူးချ်နာ (Bernard Couchner) ဖြစ်၏။ ၂၀၀၉ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့တွင် ပြင်သစ်လွှတ်တော်နိုင်ငံခြားရေးကော်မတီ၌ ထွက်ဆိုပြောကြားရာတွင် မြန်မာအစိုးရနှင့် တိုက်ရိုက်တွေ့ဆုံဆွေးနွေးရေးကို ထောက်ခံပြောဆိုခဲ့ပြီး **"ပိတ်ဆို့မှုတွေဟာ အသုံးမကျပါဘူး၊ ဒါကိုလူတိုင်းသိထား(အသိအမှတ်ပြုထား)ကြပြီးသားပါ။ အဲတော့ ဒီအစိုးရကိုပိုပြီး ပွင့်ပွင့်လင်းလင်း လမ်းဖွင့်မပေးသင့်ဘူးလား"** ဟု ဆိုခဲ့သည်။

နော်ဝေ နိုင်ငံခြားရေးဝန်ကြီး ယိုနပ်စ်ဂါးရ်စတိုရီ (Jonas Gahr Stoere)ကလည်း မြန်မာအစိုးရအပေါ် အနောက်နိုင်ငံများက ချမှတ်ထားသည့် ပိတ်ဆို့မှုများသည် ထိရောက်မှု လုံးဝမရှိကြောင်း (Afterposten)အမည်ရှိ နော်ဝေသတင်းစာသို့ ၂၀၀၈ ခုနှစ် မေလ ၁၆ ရက်နေ့(နာဂစ်မုန်တိုင်း တိုက်ခတ်ပြီးမကြာမီ)က ပြောကြားခဲ့သည်။

'နိုင်ငံရေးရည်ရွယ်ချက်' ဖြင့် ဆောင်ရွက်/ပိတ်ဆို့ခဲ့သမျှမှာ နိုင်ငံရေးရည်ရွယ်ချက်အပေါ် မည်မျှထိရောက်ပါသနည်း။ မည်မျှအကောင်အထည်ဖော်နိုင်ပါသနည်း။ မြန်မာနိုင်ငံအနေဖြင့် အမျိုးမျိုးအဖုံဖုံသော ပိတ်ဆို့မှုများ၊ စိန်ခေါ်မှုများအကြားမှပင် နိုင်ငံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို နေ့မအား၊ ညမနား အရှိန်အဟုန်ဖြင့် ကြိုးပမ်းလုပ်ဆောင်လာခဲ့ရာ ယခုအခါ ခိုင်မာသော စီးပွားရေး၊ နိုင်ငံရေးအခြေခံများကို ထူထောင်နိုင်ခဲ့ပြီဖြစ်သည်ကို မည်သူမျှ ငြင်းနိုင်ကြမည်မဟုတ်ပေ။ မြန်မာနိုင်ငံအပေါ် အနောက်အုပ်စု၏ တစ်ဖက်သတ် ပိတ်ဆို့မှုများသည် ပြည်သူများကို ထိခိုက်စေသည်မှအပ ၎င်းတို့ မျှော်မှန်းထားရှိသော နိုင်ငံရေးရည်ရွယ်ချက်အပေါ် မည်သို့မျှ ထိရောက်မှုမရှိကြောင်း အနောက်အုပ်စုနိုင်ငံများမှပင် နိုင်ငံခြားရေးဆိုင်ရာ တာဝန်ရှိသူများက လည်းကောင်း၊ လေ့လာသူ ပညာရှင်များစွာတို့က လည်းကောင်း လူသိရှင်ကြားဝန်ခံ၊ ဖော်ထုတ်ခဲ့ကြပြီးဖြစ်။

မြန်မာနိုင်ငံအပေါ် အနောက်အုပ်စု၏ ပိတ်ဆို့မှုများသည် ထိရောက်မှုမရှိကြောင်း စနစ်တကျလေ့လာတင်ပြခဲ့ကြသည့် ပညာရှင်များ၏ သုတေသနစာတမ်းများ၊ ဆောင်းပါးများမှာကား များပြားလွန်းလှသဖြင့် ကုန်စင်အောင်ပင် ရေတွက်ပြနိုင်ရန် လွယ်ကူမည်မဟုတ်ပေ။ သို့သော် အမှန်တကယ် ယထာဘူတကျကျ သိရှိလေ့လာသူများအတွက် ထင်ရှား၍ အများလေးစားလက်ခံကြသည့် သုတေသနလုပ်ငန်းအချို့ကို ဖော်ညွှန်းရမည်ဆိုလျှင်-

- Hadar, L., 1998. 'US Sanctions against Burma: a failure on all fronts', Cato Institue., Trade Policy Analysis , No 1, March.
- Hadar, L.,2001. 'Burma: US foreign policy as a morality play', Journal of International Affairs 54(2): 411-426.
- International Crisis Group, 2004. 'Myanmar; sanctions, Engagement or Anotherway Forward?', Yangon / Brussel: International Crisis Group.
- Badgley, J. (ed),2004. 'Reconciling Burma/ Myanmar: Essays on US Relations with Burma.' Seattle: National Bureau of Asian Research.
- Preeg, E., 1999. 'Feeling Good or Doing Good with Sanctions? Unilateral Economic Sanctions and the US National Interest', Washington, D.C: Center for Strategic and International Studies.
- Sachs, J., 2004. 'Myanmar: sanction won't work', Financial Times, 27 July.
- Steinberg, D., 2004. 'Burma: Feel-good US Sanctions wrongheaded.' Yale Global Online, 19 May.
- Nyun, M.T., 2008. 'Feeling Good or Doing Good: Inefficacy of the U.S. Unilateral Sanctions against the Military Government of Burma/ Myanmar', Washington University Global Stadies Law Review(Vol.7)
- Oehlers, A., 2004. 'Sanctions and Burma: Revisiting the Case Against', Department of Economics Auckland University of Technology.
- Len, C. etal, 2007. 'Burma/ Myanmar's Ailments: Searching for the Right Remedy', Silk Road Paper, March.

အထက်ဖော်ပြပါ စာစုစာရင်းကို လေ့လာမည်ဆိုပါက ပိတ်ဆို့မှုကို ရှေ့နေလိုက်သည့် ပြည်ပြေးအချို့ ပြောသကဲ့သို့ မြန်မာပြည်၌ နှစ်ပတ်ဗီဇာဖြင့် ခေတ္တလာကြည့်ပြီး ထင်ရာလျှောက်ရေးသူများ မဟုတ်ဘဲ နိုင်ငံတကာက လေးစားအသိအမှတ်ပြုသည့် တက္ကသိုလ်များ၊ သုတေသနဌာနများမှ အစွဲကင်းစွာလေ့လာသူ ပညာရှင် သုတေသီများသာ ဖြစ်ကြသည်ကို တွေ့ရပေလိမ့်မည်။

မြန်မာနိုင်ငံအပေါ် ပိတ်ဆို့မှုများ ထိရောက်မှုမရှိရခြင်းနှင့် ပတ်သက်၍ ထိုသုတေသနစာတမ်း/ဆောင်းပါးများကို အင်တာနက်မှတစ်ဆင့် အလွယ်တကူ ရှာဖွေလေ့လာနိုင်ပါ၏။ ထိုသို့လေ့လာပြီးနောက် NLD ၏ စာတမ်းနှင့်နှိုင်းယှဉ်ကာ မိမိတို့၏ ဆင်ခြင်တုံဉာဏ်ဖြင့် ပိုင်းခြားဝေဖန်သုံးသပ်ခြင်းဖြင့် အမှန်တရားနှင့် နီးစပ်သော ရလဒ်အဖြေကို ရရှိနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

မြန်မာအစိုးရအနေဖြင့်ကား အနောက်အုပ်စု၏ ဖိအားပေးပိတ်ဆို့မှုများ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးနှင့် လူ့အခွင့်အရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်တကျ လုပ်ငန်းစဉ်များ ချမှတ်ကာ မှန်မှန်ကြီးချီတက်လာခဲ့ရာ ယခုအခါ ရှေ့လုပ်ငန်းစဉ်(၇)ရပ်တွင် နောက်ဆုံးအဆင့် ပန်းတိုင်ဖြစ်သော ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားသည့် အစိုးရအဖွဲ့ထံ နိုင်ငံတော်၏ တာဝန်များကို လွှဲပြောင်းပေးအပ်နိုင်ရန် ပြည်ထောင်စုလွှတ်တော် ခေါ်ယူလုပ်ဆောင်နေပြီဖြစ်လေတော့သည်။

လွှတ်တော်နှင့်အတူ အသက်ဝင်လာပြီဖြစ်သည့် အခြေခံဥပဒေသစ်၌လည်း လွတ်လပ်စွာပြောဆိုရေးသားခွင့်၊ လွတ်လပ်စွာ စုရုံးခွင့် အပါအဝင် နိုင်ငံသားတို့အတွက် ရသင့်ရထိုက်သည့် အခွင့်အရေးများ၊ ဒီမိုကရေစီကျင့်စဉ်ကျင့်ထုံးများကို ထည့်သွင်းပြဋ္ဌာန်းအာမခံချက်ပေးထားပြီးဖြစ်ရာ **အနောက်နိုင်ငံများက တောင်းဆိုလျက်ရှိကြသည့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများသည် အသစ်ပေါ်ထွန်းလာသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်နှင့်အတူ ခိုင်ခိုင်မာမာ ပါဝင်လာခဲ့ပြီဖြစ်ပါ၏။**

ထို့ကြောင့်အများပြည်သူ သာမန်လူထုကိုသာ ထိခိုက်မှုရှိစေပြီး လက်တွေ့ထိရောက်မှုမရှိတော့သည့် ပိတ်ဆို့မှုများကို ရုပ်သိမ်းပါရန် အမှန်အတိုင်းသိမြင်နေကြသော မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများ၊ မြန်မာနိုင်ငံအတွင်းရှိ တရားဝင် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလူမျိုးစုများက တစ်ခဲနက် တောင်းဆိုနေကြခြင်း ဖြစ်ပါ၏။

ထိုသို့အများက နိုင်ငံနှင့် ပြည်သူလူထု ကောင်းစားရေးအတွက် ရင်ထဲမှဆန္ဒဖြင့် လှိုက်လှိုက်လှဲလှဲ တောင်းဆိုနေမှုများကို အတ္တစွဲ၊ အဆိုးမြင်အယူဝါဒစွဲ ကြီးမားစွာဖြင့် မျက်ကွယ်ပြုကာ "ပိတ်ဆို့မှုများ ရုပ်သိမ်းပေးဖို့ မလို၊ ဆက်လက်၍ ပိတ်ဆို့ထားပေးပါ" ဟု သခင်အားရ ကျွန်ပါး၀ တောင်းဆိုမှုများကို ဆက်လက်ခေါင်းမာစွာ စွဲကိုင်ထားသူ လူတစ်စုမှာကား ပြည်သူလူထုနှင့် ကြာလေဝေးလေဖြစ်ကာ သမိုင်း၏ ဒဏ်ခတ်ခြင်းကို မလွဲဧကန် ခံရဖွယ်ရှိနေပေတော့ရာ အချိန်မနှောင်းမီ စိတ်ကောင်းနှင့်ယှဉ်၍ မိမိတို့၏ အမြင်မှား၊ လမ်းစဉ်အမှားများကို ပြုပြင်လျက် နိုင်ငံတော်သစ်တည်ဆောက်ရေး၌ တစ်တပ်တစ်အား လက်တွဲပါဝင်လာကြစေလိုကြောင်း စေတနာကောင်းဖြင့် သတိပေးဖိတ်ခေါ်လိုက်ရပါသတည်း။ ။

မြန်မာနိုင်ငံတော်ဗဟိုဘဏ် အရာရှိအဆင့် ဘဏ်လုပ်ငန်းသင်တန်းဖွင့်ပွဲ ကျင်းပ

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်အရာရှိအဆင့်ဘဏ်လုပ်ငန်းသင်တန်းအမှတ်စဉ် (၁/၂၀၁၁) ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော် ဗဟိုဘဏ် အရာရှိအဆင့် ဘဏ်လုပ်ငန်းသင်တန်း အမှတ်စဉ် (၁/၂၀၁၁)ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော် ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း တက်ရောက်၍ အမှာစကားပြောကြားရာတွင် နိုင်ငံတော်က ချမှတ်အကောင်အထည်ဖော်လျက်ရှိသည့် စီးပွားရေး ဦးတည်ချက်များ ပြည့်မီအောင်မြင်စေရန် အဓိကကျသော ဌာနတစ်ခုဖြစ်သည့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ အရာထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရန် ယခုသင်တန်း ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ သင်တန်းတွင် သင်ကြားပို့ချပေးမည့် နိုင်ငံတကာ ဘဏ်လုပ်ငန်းဆိုင်ရာ ပညာဗဟုသုတများ၊ ပြည်တွင်းဘဏ်လုပ်ငန်းဆိုင်ရာ ဥပဒေ လုပ်ထုံးလုပ်နည်းများကို အလေးထား လေ့လာသင်ယူကြရန်ဖြစ်ကြောင်း၊ သင်တန်းတွင် သင်ယူလေ့လာကြရမည့် စာတွေ့သင်ခန်းစာများကို လက်တွေ့လုပ်ငန်းခွင်တွင် ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများနှင့် နှိုင်းယှဉ်သုံးသပ်ပြီး လုပ်ငန်းဆောင်ရွက်မှုများ ထိရောက်ထက်မြက်စေရန် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် ဝန်ကြီးသည် သင်တန်းသား၊ သင်တန်းသူများနှင့် သင်တန်းနည်းပြများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါ သင်တန်းတွင်သင်တန်းသား၊ သင်တန်းသူ ၂၄ ဦးက ရက်သတ္တခုနစ်ပတ်ကြာ ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးဆိုင်ရာ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများ၊ နိုင်ငံတကာဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးဆိုင်ရာ ပညာဗဟုသုတများကို လေ့လာသင်ယူကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(ကလေး)မှ ခရိုင်ဦးစီးမှူး ဦးအောင်နိုင် ဦးဆောင်သောအဖွဲ့ ကလေးမြို့ ကားကြီးဝင်းအတွင်း မုံရွာနှင့် မန္တလေးမြို့တို့သို့ ထွက်ခွာကြမည့် အဝေးပြေးခရီးသည်တင်ယာဉ်နှင့် ယာဉ်မောင်းများအား ပညာပေးစစ်ဆေးစဉ်။ (သတင်းစဉ်)

ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေး အဝေးပြေးခရီးသည်တင်ယာဉ်များ စစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေးအတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ကြီးကြပ်မှုဖြင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနခရိုင်ရုံး (ကလေး) မှ ခရိုင်ဦးစီးမှူး ဦးအောင်နိုင် ဦးဆောင်သောအဖွဲ့သည် ဖေဖော်ဝါရီ ၁၁ ရက်တွင် ခရိုင်ရဲတပ်ဖွဲ့၊ ခရိုင်ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ မြို့နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီတို့နှင့် ပူးပေါင်း၍ ကလေးမြို့ ကားကြီးဝင်းအတွင်း မုံရွာနှင့် မန္တလေးမြို့တို့သို့ထွက်ခွာကြမည့် အဝေးပြေးခရီးသည်တင်ယာဉ်နှင့်ယာဉ်မောင်းများအား ယာဉ်ကြံ့ခိုင်မှု ရှိ၊ မရှိ၊ ယာဉ်ဘီးတာယာပန်းများ ကောင်းမွန်ခြင်း ရှိ၊ မရှိ၊ ရောင်ပြန်ပြား တပ်ဆင်ခြင်းရှိ၊ မရှိနှင့် သတ်မှတ်လိုင်စင်ဖြင့် မောင်းနှင်ခြင်း ရှိ၊ မရှိတို့ကို ပညာပေးစစ်ဆေးအရေးယူခဲ့ကြသည်။

ထို့အပြင်ယာဉ်မောင်းများအား သတ်မှတ်အမြန်နှုန်းထက် ကျော်လွန်မောင်းနှင်ခြင်းမပြုရေး၊ သတ်မှတ်တန်ချိန်ထက်ပိုမိုမတင်ဆောင်ရေးတို့ကိုပါ ပညာပေးခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းစာစောင်များ ဝေငှပေးခဲ့ကြကြောင်းသိရှိရသည်။

(သတင်းစဉ်)

လက်တွေ့အသုံးချ ဆေးဖက်ဝင်အပင်များပေါင်းချုပ် အမှတ်(၂)စာအုပ် ဖြန့်ချိရောင်းချ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနက လက်တွေ့အသုံးချဆေးဖက်ဝင်အပင်များပေါင်းချုပ် အမှတ်(၂)စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။ အဆိုပါစာအုပ်တွင် မိမိတို့နိုင်ငံ ရေမြေသဘာဝအလျောက် ပေါက်ရောက်လျက်ရှိသော ဆေးဖက်ဝင်အပင်များ၏ ဆေးဖက်ဝင်ပုံနှင့် ရောဂါအလိုက်အသုံးပြုပုံကို အများပြည်သူ အသုံးချနိုင်ရေး ရွေးရှုလျက် ပြုစုထားသော ဆေးဖက်ဝင်အပင် ၁၂၀ ပါဝင်သည်။ **(ယာပုံ)**

လက်တွေ့အသုံးချ ဆေးဖက်ဝင်အပင်များပေါင်းချုပ် အတွဲ(၂) စာအုပ်သည် မြန်မာ့တိုင်းရင်းဆေးပညာနှင့် ဆေးဖက်ဝင်အပင်များကို စိတ်ဝင်စားကြသူတိုင်းအားကိုးအားထားပြု၍ လက်တွေ့အသုံးချနိုင်ရုံသာမက ကျန်းမာရေးစောင့်ရှောက်မှုပြုနိုင်သော စာအုပ်ဖြစ်သည်။၎င်းစာအုပ်ကို တိုင်းရင်းဆေးပညာရှင်များကပြုစုထားပြီး အတွဲ(၁)မှ (၆) အထိ ပေါင်းချုပ်အမှတ်(၁) အဖြစ် ထုတ်ဝေခဲ့ပြီး ယခုစာအုပ်အား အတွဲ (၇)မှ (၁၂)အထိ စုစည်းကာ အမှတ်(၂) အဖြစ် ထုတ်ဝေ ဖြန့်ချိလိုက်ခြင်းဖြစ်သည်။ လက်တွေ့အသုံးချ ဆေးဖက်ဝင်အပင်များပေါင်းချုပ် အမှတ်(၂) စာအုပ်ကို ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ခဲ့သော ပုလုံးတုံးတုံးကျေးလက်ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၆ ရက်က ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလှိုင်၊ ကော့သောင်းခရိုင် ဥက္ကဋ္ဌ ဦးမြင့်ဝေနှင့် ကော့သောင်းစည်ပင် အမှုဆောင်အရာရှိ ဦးကျော်မိုးလှိုင်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ကျောက်ဆည်မြို့ မြို့ဦးရပ်ကွက် ကျန်စစ်သားလမ်း ကတ္တရာလမ်းသစ်ဖွင့်

ကျောက်ဆည် ဖေဖော်ဝါရီ ၁၅

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ဦးရပ်ကွက် ကျန်စစ်သားလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို အဆိုပါရပ်ကွက်မုခ်ဦး၌ ဖေဖော်ဝါရီ ၈ ရက်က ကျင်းပရာ ကျောက်ဆည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် ကျောက်ဆည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော်၊ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် ခရိုင်အဆင့်၊ မြို့နယ်အဆင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ စုစုပေါင်းအင်အား ၁၀၀၀ ကျော် တက်ရောက်ခဲ့သည်။

အဆိုပါကတ္တရာလမ်းသည် အရှည် ၁၅၅၀ ပေ၊ အကျယ် ၁၂ပေရှိပြီး အဖွဲ့ရန်ပုံငွေကျပ် ၁၀၉ ဒသမ ၃သိန်းဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

(မြို့နယ်စည်ပင်)

မိမိရပ်ရွာ/ရပ်ကွက်တွင် မီးဘေးကာကွယ်ရေး

(က) လမ်းသွားရင်း ဆေးလိပ်မသောက်ပါနှင့်။
(ခ) မီးသတ်ယာဉ်များ ဝင်/ထွက် သွားလာနိုင်အောင် လမ်းများပြုပြင်ရှင်းလင်းထားပါ။
(ဂ) သဘာဝရေကန်၊ အုတ်ရေကန်များ တူးဖော်ဆောက်လုပ်ပါ။
(ဃ) ရပ်ကွက်အတွင်း လူနေအိမ်များ စနစ်တကျ ဆောက်လုပ်ပါ၊ အိမ်နံဘေးအဖီအဆွယ် နေထိုင်ခြင်းများကို ရှောင်ကြဉ်ပါ။
(င) မီးကို စနစ်တကျ သုံးစွဲရေးအတွက် နှိုးဆော်ပေးပါ။

မီးသတ်ဦးစီးဌာန

တစ်ချက်တည်း ကျင်းဝင်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

သတ္တုတွင်းဝန်ကြီးဌာနမှ ဦးဝင်းကိုသည် ဦးစောလှ၊ ဦးမောင်တိုး၊ ဦးလှသိန်း၊ ဦးစန်းလွင်တို့နှင့် အတူ ဖေဖော်ဝါရီ ၁၄ရက်တွင် နေပြည်တော် Royal Myanmar Golf Club ၌ ဂေါက်သီးရိုက်ကစားစဉ် Srixon Soft Feel No(2) ဘောလုံးကို Honma Iron No(7) တုတ်ဖြင့်ရိုက် လိုက်ရာ ၁၆၆ ကိုက် အကွာအဝေးရှိ ကျင်းအမှတ်(၁၁)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်နေပြည်သူများ သွားလာမှု လွယ်ကူစေရေးအတွက် နောင်ယွေး-တွန်းမုန့် ကျေးလက်ကျောက်ချောလမ်းအား အဖွဲ့ပိုင်စက်ယန္တရားများဖြင့် ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၇ ရက်က အဖွဲ့အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် အင်ဂျင်နီယာမှူး ဦးအောင်နိုင်ထွန်းတို့ ကွင်းဆင်းကြီးကြပ်စဉ်။

(မြို့နယ်စည်ပင်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၆-၂-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅	၂။	အင်္ဂဇယမင်္ဂလံ(ယဉ်ဝေယံထွန်း တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၂၅	၃။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၄။	နံနက်ခင်းသတင်း
၇း၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၆။	"သက်ရှည်ကျန်းမာလေ့ကျင့်ပါ"
၈း၀၀	၇။	မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈း၁၀	၈။	အတီးပြိုင်ပွဲ
၈း၂၀	၉။	"တက္ကစီမီတာသင်လိုရာ"
၈း၃၅	၁၀။	နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၈း၄၀	၁၁။	International News
၈း၄၅	၁၂။	တေးဂီတအစီအစဉ်
၉း၀၀	၁၃။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၀၅	၂။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄း၁၀	၃။	အကပြိုင်ပွဲ
၄း၁၅	၄။	တေးဂီတအစီအစဉ်
၄း၃၀	၅။	၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ(ရူပဗေဒဘာသာရပ်)
၄း၅၀	၆။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၅၅	၇။	သီချင်းကြီးပဒေသာ
၅း၀၀	၈။	ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၅း၁၅	၉။	International Science News
၅း၂၅	၁၀။	ဆိုကြပျော်ရွှင်တေးသံစဉ်
၆း၀၀	၁၁။	ညနေခင်းသတင်း
၆း၁၅	၁၂။	မိုးလေဝသအခြေအနေ
၆း၂၀	၁၃။	မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
၆း၃၅	၁၄။	ရွှေရင်ခုန်သံ
၇း၀၅	၁၅။	ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၇း၄၀	၁၆။	အလင်္ကာဝတ်ရည်မြန်မာမှု တေးဂီတအဖွဲ့ဖျော်ဖြေခန်း
၈း၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	"ပျော်ရွှင်ရင်ခုန်ပြကွက်စုံ" (အပိုင်း-၁၃)
	၂၁။	**နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသောမေတ္တာ" (အပိုင်း-၃၆)**
	၂၂။	မြန်မာဗီဒီယိုဇာတ်လမ်း "နှင်းဆီရဲ့ဆူး" (မင်းမော်ကွန်း၊ နေအောင်၊ သက်မွန်မြင့်၊ မေသဥ္ဇာဦး) (ဒါရိုက်တာ-မိုးခြိမ်းညံ)
	၂၃။	အစီအစဉ်ပြီး၏။

Glory Hope Education Centre
COMPUTER FOR KID'S
Basic Kid's
Web Design Kid's
Word Processing Kid's
Multimedia Kid's
Internet for Kid's
LANGUAGES
English (4Skills)
Chinese

A Member of Information Software System Co., Ltd.
IT & TELECOM
e-Petrolstation
NAYPYITAW OFFICE Pa-99, Myoma Shop Housing, Nay Pyi Taw. Tel : 067-421801
YANGON OFFICE # 4-11, MGW Tower, Bo Aung Kyaw, Botataung Tel : 01-256931, 01-392491
Hotline : 095052644, 095073313, 098633404

7DAY NEWS JOURNAL
7Day News

2011 March Issue

3Mobile
SPECIAL DISCOUNT

C7	-310000	6303	-118000	W995	-255000
C6	-238000	5130	-95000	U5	-210000
C5	-148000	2730	-90000	X10minipro	-188000
C3-01	-176000	2700	-85000	X10mini	-152000
X3-02	-150000	2690	-68000	W595	-160000
5800	-195000	1280	-37000	J20i	-167000
6700s	-162000	C1-01	-60000	T715	-139000
5233	-134000			T707	-139000
7230	-112000	Huawei 8500	-135000	X8	-175000
X2	-105000	Huawei5900	-95000		

GSM,CDMA 800-450 Hand Set

မီးဘေးရှောင်
မလောင်ခင်တား

HTET OO MANPOWER SERVICES
TEAMBUILD CONSTRUCTION PTE LTD.
(က) Steel Reinforcement Workers ၂၀၀ ဦး
(ခ) Timber Formwork Workers ၁၀၀ ဦး
(ဂ) Pipefitting Workers ၁၅၀ ဦး
(ဃ) Timber Doors & Windows Installation Workers ၁၀၀ ဦး
SEC
HTETOO - TEAMBUILD TRAINING & TESTING CENTRE
Tel: 685382, 685430, 685616 HP: 095166419

ရန်ကုန်-ပုသိမ်ကားလမ်း၌ ယာဉ်တစ်စီးတိမ်းမှောက် တစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ယာဉ်မောင်း သက်နိုင်ငြိမ်းမောင်းနှင်သည့်ကုမ္ပဏီပိုင်ကင်တာယာဉ်တစ်စီးသည် ဖေဖော်ဝါရီ ၁၀ရက် နံနက် ၁၀နာရီ ၄၅မိနစ်ခန့်တွင် ရန်ကုန်-ပုသိမ်ကားလမ်း မိုင်တိုင်အမှတ် (၂၅/၅)နှင့် (၂၅/၄) အကြား၌ အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်သို့ တိမ်းမှောက်သွားခဲ့ကြောင်း၊ယာဉ်တိမ်းမှောက်မှုကြောင့် ကုမ္ပဏီဝန်ထမ်းတစ်ဦး သေဆုံးပြီး လေးဦးမှာ ပေါက်ပြဲနာကျင်ဒဏ်ရာများ ရရှိခဲ့သဖြင့် ကျောင်းကုန်းမြို့နယ်ပြည်သူ့ဆေးရုံသို့ပို့ဆောင်၍ ကုသပေးလျက်ရှိကြောင်း သိရသည်။

ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း သက်နိုင်ငြိမ်းအား ကျောင်းကုန်းရဲစခန်းက အမှုဖွင့်ပြီး စစ်ဆေးလျက်ရှိရာ နောင်မှတသည့် နောင်တရမှုများမဖြစ်စေရေးအတွက် ယာဉ် မောင်းနှင်စဉ် သတိတရားလက်ကိုင်ထားကြရန်လိုကြောင်း၊မိမိထိန်းနိုင်သလောက် အရှိန်ဖြင့်သာ သတိထားမောင်းနှင်ကြရန်လိုကြောင်း စသည်ဖြင့် ယာဉ်မှုစစ်တစ်ဦးက သတင်းဌာနသို့ သတိပေးစကား ပြောကြားခဲ့သည်။ (သတင်းစဉ်)

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က နောင်တုံကန်ပတ်လမ်း ပန်းအလှပင်များ၊ အရိပ်ရပင်များ ဝေဆာစွာ ဖူးပွင့်နေစေရန်အတွက် အဖွဲ့ဝန်ထမ်းများဖြင့်ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးအောင်ငွေးကြွယ်နှင့် အင်ဂျင်နီယာမှူး ဦးမျိုးမင်းသန့်တို့ ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

Kaspersky Antivirus Software ပြခန်း ပါဝင်ပြသမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ဖေဖော်ဝါရီ ၁၈ရက်မှ ၁၉ရက်အထိ အမှတ်(၉၂) ကမ်းနားလမ်း ရန်ကုန်မြို့ရှိ Strand Hotel ၌ နှစ်ရက်တိုင်တိုင် ကျင်းပမည့် Software & Solution Exhibition 2011 ပြပွဲတွင် K Link Co., Ltd. မှ Kaspersky Antivirus Software များကို ပြခန်းဖွင့်လှစ်၍ ပါဝင်ပြသမည်ဖြစ်သည်။

အဆိုပါ K Link Co., Ltd. (Kaspersky Antivirus Software) ၏ ပြခန်း၌ Kaspersky မှ ထုတ်လုပ်ဖြန့်ချိရောင်းချလျက်ရှိသော အိမ်သုံး၊ ရုံးသုံး၊ လုပ်ငန်းသုံး Antivirus Software အမျိုးမျိုးနှင့် ၎င်းတို့၏ အသုံးပြုပုံများကို ပြသသွားမည်ဖြစ်ပြီး ဝယ်ယူသူများအား အထူးမေတ္တာလက်ဆောင်များဖြင့် ပြန်လည်ကျေးဇူးတုံ့ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

K Link Co., Ltd.(Kaspersky Antivirus Software) ၏ အရောင်းဌာနများကို အမှတ်(၅၂၄) မွှာရုံလမ်း (၁၁)ရပ်ကွက် ၆မိုင်ခွဲ လှိုင်မြို့နယ် ဖုန်း-၅၀၅၂၇၈၊ ၅၃၉၁၅၁နှင့် အဆောင်(၄) အခန်း(၁) မြန်မာအင်ဖိုတက်ခ် လှိုင်တက္ကသိုလ်ဝင်း လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း ၅၀၇၀၄၃ နှင့် ၅၀၇၀၄၇ တို့တွင် ဖွင့်လှစ်ထားပြီး ပိတ်ရက်မရှိ ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။ (သတင်းစဉ်)

ဘီးလင်းမြို့နယ်၌ အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံးအား ခရီးသည်တင်ယာဉ်တစ်စီးက နင်းမိသဖြင့် အပြစ်မဲ့ပြည်သူ နှစ်ဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရရှိခဲ့

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ဘီးလင်းမြို့နယ် နတ်ကြီးကျေးရွာနေ ယာဉ်မောင်းညီညီထွန်းမောင်းနှင်သည့် ဘီးလင်း-နတ်ကြီး ခရီးသည်တင် မစ်ဆူဘီရှီ Double Cab ယာဉ်သည် ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီခန့်တွင် မွန်ပြည်နယ်ဘီးလင်းမြို့နယ်ပဒါတော်ကျေးရွာအထက် တစ်မိုင်ခန့်အကွာ ဘီးလင်း - နတ်ကြီးကားလမ်း၌ အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော မိုင်းတစ်လုံး နင်းမိပြီး ယာဉ်မောင်း ညီညီထွန်းနှင့် ခရီးသည်တစ်ဦး သေဆုံးကာ ယာဉ်နောက်လိုက်တစ်ဦးနှင့် ခရီးသည်တစ်ဦးတို့ ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဇန်နဝါရီ ၁ ရက်မှ ဖေဖော်ဝါရီ ၁၀ ရက်အထိ သောင်းကျန်းသူများ၏ မိုင်းနင်းမိသဖြင့် အပြစ်မဲ့ပြည်သူ လေးဦးသေဆုံးပြီး ၂၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

- တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး နေပြည်တော် ခုတင်(၁၀၀၀)ပြည်သူ့ဆေးရုံကြီး၌ ဆေးဝါးကုသမှုခံယူလျက်ရှိသော လွှတ်တော်ကိုယ်စားလှယ်များအား ကြည့်ရှုအားပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး နေပြည်တော် ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ဆေးဝါးကုသမှု ခံယူလျက်ရှိသော မန္တလေးတိုင်းဒေသကြီး အမှတ်(၄) မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင်အား ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၁၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးသည် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးခင်အောင်မြင့်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ညနေပိုင်းတွင် နေပြည်တော် ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ဆေးဝါးကုသမှု ခံယူလျက်ရှိသော လွှတ်တော်ကိုယ်စားလှယ်များအား သွားရောက်ကြည့်ရှုအားပေးသည်။

ကြိုဆို

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နေပြည်တော် ခုတင်(၁၀၀၀)ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြည့်ရှုအားပေး

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဆေးရုံ၌ တက်ရောက်ဆေးဝါးကုသမှုခံယူလျက်ရှိသော စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၁၀) မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ကြီးအား လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အမှတ်(၄)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမောင်အား လည်းကောင်း ကြည့်ရှုအားပေးသည်။

(သတင်းစဉ်)